# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း

၁၃၈၀



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ကယားပြည်နယ်၏ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းသစ် များပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြှင့်တင်နိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရမှ ဖြေလျှော့ပေးမှုများအပါအဝင် ပြည်နယ်အစိုးရနှင့် မည်ကဲ့သို့ ချိတ်ဆက်ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၄ |
| ၆ | သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်ပြင်းထန်စွာ အမြန်ဆုံး အပြစ်ပေးနိုင်ရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး မည်သို့သော အစီအစဉ် များဖြင့် အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၉ |
| ၇ | သက်ငယ်မုဒိမ်းဖြစ်ပွားနေမှုကို လျော့နည်းပပျောက်အောင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၁၁ |
| ၈ | ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချောင်းကြီးချောင်း၊ နက်နန်းချောင်းအစရှိသော ကျေးရွာများစွာတည်ရှိရာ မြစ်ချောင်းများအတွင်း ရွှေမျောများ ခိုးတိုက်နေကြခြင်း လုံးဝမရှိစေရေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း | ၁၇ |
| ၉ | ကျောက်တော်မြို့အရှေ့ဘက် ဒေါင်းတောင်ယိုးကျေးရွာအနီးရှိ သမိုင်းဝင်တောင်ပေါက်ကြီး တောင်တန်းများ ဖြိုချနေသည့်ကိစ္စအား ပြန်လည်သုံးသပ်ပြီး တားမြစ်ပေးနိုင်ခြင်းရှိ/မရှိ၊ ရထားလမ်းစီမံကိန်း ရပ်ဆိုင်းပြီးနောက်ပိုင်း တူးဖော်ရောင်းချနေမှုများသည် ဥပဒေနှင့်အညီ သက်ဆိုင်ရာမှ လုပ်ပိုင်ခွင့်ချပေးထားခြင်းဟုတ်/မဟုတ်နှင့် ၂၀၁၀ ခုနှစ်မှစကာ စဉ်ဆက်မပြတ်တူးဖော်ရောင်းချငွေများအား နိုင်ငံတော်နှင့်ပြည်သူအတွက် မည်သို့မည်ပုံ အသုံးချနေကြကြောင်းကို ပွင့်လင်းမြင်သာအောင် ချပြနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |

| | | |
|---|---|---|
| ၁၀ | သန်လျင်-ရန်ကုန် အမှတ်(၁)တံတားပိတ်ဆို့မှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် တံတားတစ်ဖက်ရှိ ကရိန်းကားတစ်စီးစီနှင့် ယာဉ်ထိန်းရဲတစ်ဦးစီကို အဆင်သင့်ထားရှိပြီး ပြည်သူများနေ့စဉ် ကြုံတွေ့နေရသော အခက်အခဲကိုဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၂၄ |
| ၁၁ | ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွား လုပ်ငန်းအပါအဝင် ခရီးသွား လုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့် တင်ခြင်း၊ ခရီးသွားလာရေးအထိမ်းအမှတ်ပွဲတော်များနှင့် ခရီး သွားလာရေး အထူးနှစ် သတ်မှတ်ခြင်းများဆောင်ရွက်၍ မြန်မာ့ခရီး သွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွား အစီအမံများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၉ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၃၅ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၄၆ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂၅-၅-၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၏ **ကယားပြည်နယ်၏ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်း သစ်များ ပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြင့်တင်နိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရမှ ဖြေလျှော့ပေးမှုများ အပါအဝင် ပြည်နယ်အစိုးရနှင့် မည်ကဲ့သို့ ချိတ်ဆက် ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်မေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၏ **သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်ပြင်းထန်စွာ အမြန်ဆုံးအပြစ် ပေးနိုင်ရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး မည်သို့သော အစီအစဉ်များဖြင့် အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **သက်ငယ်မုဒိမ်းဖြစ်ပွားနေမှုကို လျော့နည်းပပျောက်အောင် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချောင်းကြီးချောင်း၊ နက်နန်းချောင်းအစရှိသော ကျေးရွာများစွာတည်ရှိရာ မြစ်ချောင်းများအတွင်း ရွှေမျောများ ခိုးတိုက်နေကြခြင်း လုံးဝ မရှိစေရေး ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့ အရှေ့ဘက် ဒေါင်းတော်ယိုးကျေးရွာအနီးရှိ သမိုင်းဝင်တောင်ပေါက်ကြီး တောင်တန်းများ ဖြိုချနေသည့်ကိစ္စအား ပြန်လည်သုံးသပ်ပြီး တားမြစ်ပေးနိုင်ခြင်းရှိ မရှိ၊ ရထားလမ်းစီမံကိန်း ရပ်ဆိုင်းပြီးနောက်ပိုင်း တူးဖော်ရောင်းချနေမှုများသည် ဥပဒေနှင့်အညီ သက်ဆိုင်ရာမှ လုပ်ပိုင်ခွင့်ချပေးထားခြင်း ဟုတ်၊ မဟုတ်နှင့် ၂၀၁၀ ခုနှစ်မှစကာ စဉ်ဆက်မပြတ် တူးဖော်ရောင်းချငွေများအား နိုင်ငံတော်နှင့် ပြည်သူ အတွက် မည်သို့မည်ပုံ အသုံးချနေကြကြောင်းကို ပွင့်လင်းမြင်သာအောင် ချပြနိုင်ခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၏ **သန်လျင်–ရန်ကုန် အမှတ် (၁)တံတား ပိတ်ဆို့မှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် တံတားတစ်ဖက်ရှိ ကရိန်းကားတစ်စီး စီနှင့် ယာဉ်ထိန်းရဲ တစ်ဦးစီ ကို အဆင်သင့် ထားရှိပြီး ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲကို ဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း အပါအဝင် ခရီးသွား လုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ် ပွဲတော်များနှင့် ခရီးသွားလာရေး အထူးနှစ်သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွား အစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ ခရီးသွားလာရေး လုပ်ငန်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၅၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၁ ရက်၊
(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၅) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊
(၆) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊
(၇) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊
(၈) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊
(၉) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊
(၁၀) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊
(၁၁) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ခွင့် ၁ ရက်၊
(၁၂) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊
(၁၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊
(၁၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၁၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်၊
(၁၆) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၁၇) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ခွင့် ၁ ရက်၊
(၁၈) ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ခွင့် ၁ ရက်၊
(၁၉) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၂၀) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၂၁) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊

(၂၂) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၂၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၂၄) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၁ ရက်၊

(၂၅) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၂၆) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၁ ရက်၊

(၂၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၂၈) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊

(၂၉) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်နှင့်

(၃၀) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့် အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကယားပြည်နယ်၏ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝမြှင့်တင်နိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရမှ ဖြေလျှော့ပေးမှုများအပါအဝင် ပြည်နယ်အစိုးရနှင့် မည်ကဲ့သို့ ချိတ်ဆက်ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်မ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မတို့ကယားပြည်နယ်ရဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝမြှင့်တင်နိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရမှ ဖြေလျှော့ပေးမှုများအပါအဝင် ပြည်နယ်အစိုးရနှင့် မည်ကဲ့သို့ ချိတ်ဆက်ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မမေးမြန်းရတဲ့အကြောင်းအရင်းကတော့ ယနေ့ကျွန်မတို့မြန်မာနိုင်ငံမှာ တိုင်းပြည်ကိုတည်ဆောက်တဲ့အခါ တည်ရှိပြီးသားအရင်းအမြစ်တွေကို မှန်ကန်အကျိုးရှိစွာ အသုံးပြုဖို့လိုအပ်သလို ကျွန်မတို့နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကိုက လူ့စွမ်းအားအရင်းအမြစ်နဲ့ တိုင်းပြည်ကိုတည်ထောင်မယ်လို့ အတိအလင်း ကြေညာပြီးသားဖြစ်တယ်။ ဒီ့အတွက် ကျွန်မတို့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆိုတာ လူပုဂ္ဂိုလ်၊ တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုတည်းနှင့်သာ သက်ဆိုင်တဲ့ကိစ္စရပ် မဟုတ်ပါဘူး။ ပါဝင်ပတ်သက်သူကိုယ်စီကိုယ်စီရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု စုပေါင်းအားနဲ့မှသာ ရေရှည်တည်တံ့တဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို ကျွန်မတို့ တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်မတို့ကယားပြည်နယ်ရဲ့ လက်ရှိပကတိအခြေအနေက လူဦးရေသုံးသိန်းကျော်ခန့်သာရှိပြီးတော့ ကျွန်မတို့က ထိုင်းနိုင်ငံနဲ့ ဆက်စပ်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံဆိုတာ နှစ်စဉ်ခရီးသွားဦးရေ ခုနစ်သန်းကျော်မျှ ဝင်ထွက်လျက်ရှိပြီးတော့မှ တိုင်းပြည်ကို ခရီးသွားဝန်ဆောင်မှုမှရတဲ့ အခကြေးငွေနဲ့တည်ဆောက်နေတဲ့ တိုင်းပြည်တစ်ပြည်လည်းဖြစ်သလို လက်ရှိကျွန်မတို့ ကယားပြည်နယ်နဲ့လည်း ထိုင်းနိုင်ငံဟာ ထိစပ်လျက်ရှိပါတယ်။ ဒီလိုအခြေအနေကောင်းတွေရှိနေတယ်။ ထို့အတူပဲ ကျွန်မတို့ သဘာဝသယံဇာတအရင်းအမြစ်ဖြစ်တဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတွေရှိနေသလို သဘာဝပတ်ဝန်းကျင်ကောင်းတွေလည်း ရှိနေပါတယ်။ ဒီသဘာဝပတ်ဝန်းကျင်ကောင်းတွေပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက မွမ်းမံတည်ဆောက်လျက်ရှိနေတာကိုလည်း လက်ရှိမှာ တွေ့မြင်ရပါတယ်။ သို့သော်လည်း လိုအပ်ချက်တွေအများကြီးရှိနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ဘယ်လိုကိစ္စမျိုးတွေမှာ လိုအပ်ချက်ရှိနေသလဲဆိုလို့ရှိရင် ကျွန်မတို့ Permission ယူရတဲ့ကိစ္စမျိုးတွေမှာ ဖြစ်ပါတယ်။ ကယားပြည်နယ်မှာ မြို့နယ်ခုနစ်မြို့နယ်သာလျှင် ရှိပါတယ်။ ဒီမြို့နယ်ခုနစ်မြို့နယ်မှာ လွိုင်ကော်မြို့ကိုသာ Center ထားပြီးတော့မှ ခရီးသွားမိဘပြည်သူတွေဟာ ကြုံတောမြို့နယ်တွေကို

ညအိပ်ခရီးသွားခွင့် မရှိပါဘူး။ ဒါဟာ ကျွန်မတို့ခရီးသွားပြည်သူတွေအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ ဘယ်လိုကိစ္စမျိုးတွေမှာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေတာလဲဆိုရင် CBT ဆိုပြီးတော့မှ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေဖော်ဆောင်တဲ့အခါမှာ CBT Project တွေတည်ဆောက်ထားတဲ့ကျေးရွာတွေကို ခရီးသွားကြတဲ့ခရီးသည်တွေဟာ သာသာယာယာ အေးအေးဆေးဆေးနဲ့သွားရောက်ပြီးလည်ပတ်စေချင်တဲ့စေတနာ ကျွန်မတို့ဒေသခံ တွေမှာရှိပါတယ်။ သို့သော်လည်းအခက်အခဲတစ်စုံတစ်ရာက ရောက်ရှိနေတဲ့နေရာဒေသမှာ တည်းခိုခွင့်မရှိဘဲနဲ့ လွိုင်ကော်မြို့ကိုအချိန်မီပြန်လာပြီးတော့မှ တည်းခိုနေရတဲ့အခက်အခဲလေး ကျွန်မတို့ဆီမှာ ကြုံတွေ့နေရပါတယ်။ ဒီလိုဟာမျိုးကိုလည်း ကျွန်မတို့ ပြည်ထောင်စုအစိုးရကနေပြီးတော့မှ ဘယ်လိုဖြေလျှော့မှုများလုပ်ပေးနိုင်သလဲဆိုတဲ့ဟာမျိုး သိရှိချင်ပါတယ်။

ထို့အတူပဲ ကျွန်မတို့ ကယားပြည်နယ်မှာဆိုလို့ရှိရင် နယ်စပ်ကုန်သွယ်ရေးဂိတ်ကို တရားဝင်ဖွင့်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်၌ကိုက International Gate တစ်ခုအနေနဲ့ သံတမန်နည်းအရ ပေါင်းစပ်ညှိနှိုင်းပြီးတော့မှသာလျှင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကိုဆောင်ရွက်စေချင်တဲ့ စိတ်စေတနာရှိပါတယ်။ ဒီလိုစိတ်စေတနာရှိနေတဲ့အပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဝန်ကြီးဌာနအနေနဲ့ သံတမန်နည်းအရ မည်ကဲ့သို့ပေါင်းစပ်ညှိနှိုင်းပြီး ဖြေလျှော့မှုတွေလုပ်ပေးနိုင်တယ်ဆိုတာကိုလည်း ကျွန်မတို့အနေနဲ့ သိရှိချင်ပါတယ်။ ထို့အတူပဲ လူ့စွမ်းအားအရင်းအမြစ်အနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင်လည်း ကယားတိုင်းရင်းသားမျိုးနွယ်တွေ၊ တိုင်းရင်းသားဒေသခံတွေထဲမှာ နယ်မြေဒေသရဲ့အခြေအနေကို ကောင်းမွန်စွာသိပြီးတော့မှ နယ်မြေဒေသအပေါ်မှာ လာရောက်ပြီးတော့မှ လေ့လာကြမယ့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီပေါ်မှာ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ကျွန်မတို့သက်ဆိုင်ရာတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ဧည့်လမ်းညွှန်ဆိုင်ရာသင်တန်းမျိုးတွေ၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းမျိုးတွေ၊ Capacity Building ပုံစံမျိုးဖြစ်တဲ့ ဒေသခံ Community ကို ဦးစားပေးပြီးတော့မှ ကွန်ပျူတာသင်တန်းတွေ၊ အင်္ဂလိပ်စာသင်တန်းတွေကို ကျန်သောမြို့နယ်တွေမှာ လုပ်ကိုင်ဆောင်ရွက်သကဲ့သို့ပဲ ကျွန်မတို့ကယားပြည်နယ်မှာလည်း လုပ်ကိုင်ဆောင်ရွက်မှုတွေ ဖော်ဆောင်ပေးစေချင်ပါတယ်။ ထို့အတူပဲ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလို့ပြောလိုက်ပြီဆိုလို့ရှိရင် Transportation ကိစ္စတွေက ပူးတွဲပြီးပါလာပါတယ်။ Transportation ကိစ္စတွေမှာလည်း လေယာဉ်အသွားအပြန်ရန်ကုန်ကနေ ကယားပြည်နယ် လွိုင်ကော်ကိုလာမယ်ဆိုလို့ရင် ခရီးစဉ်တစ်ကြောင်းဟာ ခုနစ်သောင်းအထက်မှာရှိနေပါတယ်။ ဒီခရီးစဉ်တစ်ကြောင်းသည် ကျန်သော ဘန်ကောက်ကဲ့သို့သော၊ ထိုင်းနိုင်ငံသကဲ့သို့သောနိုင်ငံများကို သွားရောက်လည်ပတ်မယ်ဆိုလို့ရှိရင် ကျခံရမယ့်ဈေးဟာ ဒီလောက်မကျခံနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ပြည်နယ်ကို လာရောက် လည်ပတ်တဲ့ပမာဏများဖို့အတွက်ဆိုလို့ရှိရင် Transportation တွေကိုလည်း ကျွန်မတို့ အဆင်ပြေအောင်လုပ်ကိုင်ဆောင်ရွက်ဖို့လိုပါတယ်။ ထို့အတူပဲ တည်းခိုရာနေရာဒေသတွေကို စီစဉ်ဆောင်ရွက်တဲ့အခါမှာ လွိုင်ကော်မြို့တစ်မြို့တည်းကိုသာ ဦးစားပေးပြီးတော့ ဆောင်ရွက်ရတာမျိုးမဟုတ်ဘဲနဲ့ ကျန်သောနေရာဒေသတွေကို လွတ်လပ်စွာသွားရောက်လည်ပတ်ခွင့်ရပြီးတော့မှ Community Based Tourism ကို ဒီထက်မကတိုးချဲ့ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်ဖို့ရာအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့ ပြည်နယ်

အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းမေးမြန်းထားတဲ့ ကယားပြည်နယ်ရဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြင့်တင်နိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရမှ ဖြေလျှော့ပေးမှုများအပါအဝင် ပြည်နယ်အစိုးရနှင့် မည်ကဲ့သို့ ချိတ်ဆက်ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေရှင်းချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၁-၄-၂၀၁၄ ရက်နေ့မှစတင်ပြီးတော့မှ ကယားပြည်နယ်မှာ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်ပြီးတော့ ဝန်ထမ်းများဖြင့် လွိုင်ကော်ရုံးခွဲကို ဖွင့်လှစ်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လွိုင်ကော်ရုံးမှာ ရုံးလုပ်ငန်း ပိုမိုလျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ADSL လိုင်းပါ(Wi-Fi)စနစ်တပ်ဆင် ခဲ့ပြီး ခရီးသည်များသိလိုသောအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြေကြားနိုင်စေရန် (Tourist Information Counter)ကို ၂၃-၂-၂၀၁၆ ရက်နေ့တွင် လွိုင်ကော်ရုံးခွဲ၌လည်းကောင်း၊ ၃၀-၅-၂၀၁၆ ရက်နေ့မှာ လွိုင်ကော်လေဆိပ်တွင်လည်းကောင်း၊ ၂-၁၀-၂၀၁၆ ရက်နေ့မှစတင်၍ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် ဆက်စပ်ခရီးစဉ်ဖြစ်တဲ့ လွိုင်ကော်-မိုးဗြဲ ရေတံခါး-ဖယ်ခုံ-အင်းလေး ဒေသခရီးစဉ်အတွက် ဖယ်ခုံမြို့မှာလည်းကောင်း၊ Tourist Information Counter များ ဖွင့်လှစ် ထားပြီး ခရီးသည်များအား လက်ကမ်းစာစောင်များ၊ လမ်းညွှန်မြေပုံများဖြန့်ဝေခြင်း၊ လိုအပ်သော အချက်အလက်များပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်အတွင်း ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို Power Point ဖြင့်ပြသခွင့်ပြုပါ ခင်ဗျား။ အမျိုးသားပို့ကုန် မဟာဗျူဟာစီမံချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဟာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး Natherland Trust Fund (3) (NTF 3)အထောက်အပံ့၊ International Trade Center(ITC)၏ ဆောင်ရွက်မှုဖြင့် ၁-၉-၂၀၁၄ ရက်နေ့ကတည်းက စတင်ပြီးတော့မှ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာတို့မှာ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း CBT ကို စတင်အကောင်အထည် ဖော်ခဲ့ပါတယ်။ အဲဒီနောက် ဒေါတမကြီးကျေးရွာနှင့် ဖရူဆိုမြို့နယ်ရှိ ထေခိုကျေးရွာများကိုလည်း CBT ကျေးရွာများအဖြစ် ဖော်ဆောင်ပေးခဲ့ပါတယ်။ ၎င်းအပြင် ကျေးရွာများရှိ ဒေသခံပြည်သူလူထုအား

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်တဲ့ အသိပညာများမျှဝေပေးခြင်း၊ ဝန်ဆောင်မှုများပေးခြင်း၊ အစားအသောက်သန့်ရှင်းရေးနည်းစနစ်များစသည့် အတတ်ပညာနှင့်ဗဟုသုတများ ပျံ့ပွားပေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၌ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာကျင်းပတဲ့ ITB ခရီးသွားလုပ်ငန်းပြပွဲမှာ ကယားပြည်နယ် ခရီးစဉ်ဒေသများအား ရိုက်ကူးထားတဲ့ Short Movie မှာ Diamond Award ဆုတောင် ရရှိခဲ့ပါတယ်။ ထို့အပြင် ၂၀၁၇ ခုနှစ်က ကယားပြည်နယ်အတွက် ASEAN Tourism Standard(CBT)ဆုကိုလည်းရရှိခဲ့ပါတယ်။ မဲခေါင်-လန်ချန်းအစီအစဉ်အရ Train the Trainers for ASEAN CBT ဆွေးနွေးပွဲကို ယခုလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကမ္ဘောဒီယားနိုင်ငံ၌ကျင်းပခဲ့ရာ Participant လူဦးရေး ၂၀ ဦး ကျွန်တော်တို့စေလွှတ်ခဲ့ပြီးတော့မှ ကယားပြည်နယ်ရုံးခွဲတာဝန်ခံနှင့် ITC ရဲ့ National Consultant တို့ကို ပါဝင်တက်ရောက်စေခဲ့ပါတယ်။

ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရေးအတွက် ၂၀၁၆ ခုနှစ်မှာ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို ဒေသခံလူငယ်ဧည့်လမ်းညွှန် ၁၂၀ ဦးဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းလေးမျိုးအား သင်တန်းလေးကြိမ်ဖြင့် သင်တန်းသူ၊ သင်တန်းသား ၂၅၃ ဦးဖြင့်လည်းကောင်း မွေးထုတ်ပေးခဲ့ပါတယ်။ ယခုအခါ သင်တန်းသားအများစုမှာ လွိုင်ကော်မြို့ရှိ ဟိုတယ်များမှာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဟိုတယ်များအနေနဲ့ ၂၀၁၄ ခုနှစ်မှာ ဟိုတယ်ရှစ်လုံး၊ အခန်းပေါင်း ၁၇၅ ခန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဟိုတယ် ၁၇ လုံး၊ အခန်းပေါင်း ၃၆၈ ခန်းအထိ ရှိလာခဲ့ပါပြီ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကယားပြည်နယ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်ခဲ့တဲ့ လုပ်ငန်းရှင် ၄၇ ဦးမှာ ဟိုတယ်လုပ်ငန်းရှင် ရှစ်ဦးပါဝင်ခဲ့ပါတယ်။ ပြည်နယ်အတွက် အခွန်ငွေတွေကို အများကြီးထမ်းဆောင်နိုင်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ လွိုင်ကော်ရုံးဟာ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီးတော့မှ ကယားပြည်နယ်အတွင်းသို့ ခရီးစဉ်သွားလာမှုလွယ်ကူအဆင်ပြေစေရေး၊ လမ်းညွှန်ဆိုင်းဘုတ်များတပ်ဆင်ထားပြီး ခရီးစဉ်ဒေသများတွင်လိုအပ်လျက်ရှိတဲ့ Public Toilet များ၊ အမှိုက်စွန့်ပစ်နည်းစနစ်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် လူထုတွေ့ဆုံပွဲများ၊ ကယားပြည်နယ်နေ့အခမ်းအနားများတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြခန်းများပါဝင်ပြသခြင်း၊ ပြည်သူလူထုအား ခရီးသွားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လက်မှုထုတ်ကုန်ပြပွဲများမှာ ပြပွဲ၊ ပြိုင်ပွဲများပြုလုပ်ပေးပြီးတော့ ကျေးရွာများမှ လက်မှုထုတ်ကုန်များ ဆောင်ရွက်နိုင်ရေး၊ အမှတ်တရပစ္စည်း(Souvenir)များ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လွိုင်ကော်နှင့်အင်းလေးကိုဆက်သွယ်ထားတဲ့ မိုးဗြဲဆည် လှေသွားလမ်းတံခါးအား အဖွင့်အပိတ်မလုပ်နိုင်ခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်ခန့် ကြာရှိခဲ့ပြီးဖြစ်ပါတယ်။ ကယားပြည်နယ်အစိုးရနှင့် ဟိုတယ်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လွိုင်ကော်ရုံးတို့ပူးပေါင်းပြီးတော့မှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြပေးမှုကြောင့် မိုးဗြဲဆည် လှေသွားလမ်းရေတံခါးအား ပြန်လည်ပြုပြင်ခဲ့ရာမှာ ၂၁-၁၁-၂၀၁၇ ရက်နေ့မှာ စတင်ဖွင့်ပိတ် ပြုလုပ်နိုင်ခဲ့ပြီးတော့မှ နံနက် ၉ နာရီမှာတစ်ကြိမ်၊ မွန်းလွဲ ၃ နာရီမှာတစ်ကြိမ် ဖွင့်လှစ်ပေးပြီးတော့မှ လွိုင်ကော်မှမိုးဗြဲ-ဖယ်ခုံ-အင်းလေးအထိ မော်တော်ခရီးစဉ်များ

တိုက်ရိုက်သွားလာနိုင်ပြီး ဘီလူးချောင်းအတွင်းမှာ အပျော်စီးစက်လှေများပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ နောင်ယားကန်အနီးမှာလည်း ညဈေး(Night Market)အား ၁၂-၂-၂၀၁၇ ရက်နေ့ ပြည်ထောင်စုနေ့မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းသို့ ၂၀၁၇ ခုနှစ်အတွင်းမှာ နိုင်ငံခြားသားဧည့်သည် ၈၉၇၅ ဦးနှင့် ပြည်တွင်းခရီးသည် ၃၃၄၉၂ ဦး လာရောက်လည်ပတ်ခဲ့ပါတယ်။

ကယားပြည်နယ်သို့လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များအား လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့ပေါ်ရှိ ဖရူဆိုမြို့များအပေါ်မှာသာ သွားလာခွင့်ရှိခဲ့ပါတယ်။ ၅-၁၀-၂၀၁၆ ရက်နေ့မှာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၂)ရဲ့ ကယားပြည်နယ်ခရီးစဉ်အတွင်းမှာ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ လွိုင်ကော်ရုံးတို့မှ ကယားပြည်နယ်အတွင်း ကန့်သတ်နယ်မြေများ ဖြေလျှော့ပေးရန် တင်ပြမှုကြောင့် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါကလော်ဒူကျေးရွာအုပ်စုရှိ ဒေါကလောဒူနှင့် တနီးလာလဲကျေးရွာ၊ ငွေတောင်ကျေးရွာအုပ်စုရှိ ငွေတောင်ကျေးရွာ၊ ပန်ပက်ကျေးရွာအုပ်စုရှိ ပန်ပက်ရှမ်းကူ၊ ပန်ပက်ဆောင်လူး၊ ပန်ပက်ပယ်မဆောင်၊ ပန်ပက်ကတဲကူနှင့် ပန်ပက်ဒေါကီးကျေးရွာများ၊ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှာရှိတဲ့ ဘောလခဲမြို့၊ ဖားဆောင်းမြို့၊ မယ်စဲ့မြို့တို့မှ မြို့ပေါ်ရပ်ကွက်များကို ကမ္ဘာလှည့်ခရီးသည်များလည်ပတ်ရန် ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားရာမှ ၂၈-၁၂-၂၀၁၇ ရက်နေ့မှစပြီးတော့မှ ခွင့်ပြုပေးခဲ့ပါတယ်။ ကယားပြည်နယ်အတွင်း ခရီးသွားကဏ္ဍအတွက် အဟန့်အတားဖြစ်နေတဲ့ ကန့်သတ်နယ်မြေကိစ္စများအား ငြိမ်းချမ်းရေးနှင့်နယ်မြေအေးချမ်းမှုအပေါ်မှာမူတည်ပြီးတော့မှ ထပ်မံဖြေလျှော့ပေးနိုင်ရန် ပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့ကို ညီအစ်မမြို့တော်(Sister Cities)အဖြစ် မြှင့်တင်ပြီး မယ်စဲ့မြို့(BP-13) နယ်စပ်ဝင်ပေါက်မှ ခရီးသည်များဝင်ရောက်လည်ပတ်နိုင်ရေးကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်ဟာ ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်တဲ့အတွက် (BP-13) နယ်စပ်ဝင်ပေါက်ဖွင့်လှစ်နိုင်ပါက ထိုင်းနိုင်ငံမှခရီးသည်များ ပိုမိုဝင်ရောက်လည်ပတ်လာနိုင်ကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ ပိုမိုတိုးတက်လာကာ ပြည်နယ်အတွင်းရှိ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်၍ ဝင်ငွေတိုးပွားလာနိုင်ကာ လူမှုစီးပွားဘဝ မြှင့်တင်လာရေးအတွက်ကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ အဲဒါအပြင် ၂၆-၅-၂၀၁၈ ရက်နေ့မှာ လွိုင်ကော်မြို့မှာ ကျင်းပပြုလုပ်မယ့် Kayah State Investment Forum မှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်များအားဖိတ်ခေါ်ပြီးတော့ ခရီးသွားလုပ်ငန်းကဏ္ဍကို ဒုတိယဦးစားပေးအဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပြီးတော့မှ ခရီးသွားပြခန်းများဖွင့်လှစ်ပြသခြင်း၊ စိတ်ဝင်စားတဲ့ရင်းနှီးမြှုပ်နှံလိုသူများကို ခရီးစဉ်ဒေသအသစ်များသို့ လိုက်ပါပို့ဆောင်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၎င်းဆောင်ရွက်ချက်များသည် ကယားပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယုံကြည်မိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း(ခ)နှင့် (ဂ)တို့ဟာ တူညီတဲ့ အကြောင်းအချင်းအရာအပေါ် မေးမြန်းထားတာဖြစ်ပါတယ်။ ကိုယ်စားလှယ်တစ်ဦးကမေးမြန်းပြီးရင် နောက်ကိုယ်စားလှယ်ကို ဆက်လက်မေးမြန်းဖို့ ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။ ဖြေကြားမယ့် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ကိုယ်စားလှယ်နှစ်ဦးမေးမြန်းသွားတဲ့ မေးခွန်းနှစ်ခုကို တစ်ပေါင်းတည်းဖြေကြားနိုင်ရန် အလှည့်ကျဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ကြိုတင် အသိပေးအပ်ပါတယ်။

**သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်ပြင်းထန်စွာ အမြန်ဆုံးအပြစ်ပေးနိုင်ရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး မည်သို့သော အစီအစဉ်များဖြင့် အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သက်ငယ် မုဒိမ်းမှုများကိစ္စနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် ပန်ကြား အပ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီရက်ပိုင်း၊ လပိုင်းအတွင်းမှာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်း တွေနဲ့ မည်သို့မှ လက်ခံနားလည်ပေးစရာမရှိတဲ့ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုသတင်းကို သတင်း၊ ဂျာနယ်တွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ မြင်နေ၊ တွေ့နေ၊ ကြားနေရပါတယ်။ သက်ငယ်မုဒိမ်း ကျူးလွန်သူများကို ပြင်းပြင်းထန်ထန်၊ ထိထိရောက်ရောက် အရေးယူအပြစ်ပေးဖို့နဲ့ တချို့ဆိုလျှင် သေဒဏ်အထိအပြစ်ပေးဖို့ တောင်းဆိုလှုပ်ရှားမှုများကို တွေ့ရှိလာရပါတယ်။ သဘောကတော့ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတွေနဲ့ ဒီလိုလူမဆန်မှု၊ လူသားအသိဉာဏ်ကင်းမဲ့မှုဆိုတာတွေကို လုံးဝ လက်မခံနိုင်၊ ခွင့်မလွှတ်နိုင်ဘူးဆိုတာကို ပြသနေခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တချို့နိုင်ငံတွေမှာ သက်ငယ်မုဒိမ်းကျူးလွန်နေတဲ့နေရာမှာ ကျူးလွန်တယ်လို့ စွပ်စွဲခံရသူရဲ့အသက်တို့ကိုလည်း ထည့်သွင်းစဉ်းစားသည့်အပြင် ကျူးလွန်မှုရဲ့သက်ရောက်မှုအတိုင်း အတာကိုကြည့်ပြီး ပြစ်ဒဏ်ချမှတ်လေ့ရှိပါတယ်။ အသက် ၁၂ နှစ် သို့မဟုတ် ၁၄ နှစ် အောက် ကလေးသူငယ်များအပေါ်ကျူးလွန်တာမျိုးဖြစ်လျှင် အဆင့်(၁) သက်ငယ်မုဒိမ်း(First Degree Minor Rape)လို့သတ်မှတ်ပြီး အကြီးမားဆုံးနှင့် အမြင့်မားဆုံးပြစ်ဒဏ်ကို ချမှတ်လေ့ရှိပါတယ်။ အသက် ၁၂ နှစ် သို့မဟုတ် ၁၄ နှစ်အထက်အပေါ်ကျူးလွန်တဲ့သက်ငယ်မုဒိမ်းမှုများကို ချမှတ်တဲ့ အကြီးဆုံးသော ပြစ်ဒဏ်မှုကို လေ့လာမယ်ဆိုလျှင်လည်း သေဒဏ်အဖြစ် သတ်မှတ်ထားတဲ့နိုင်ငံအနည်းငယ်ရှိပါတယ်။ အများစုကတော့ ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ပြီး လွတ်ရက်၊ လျှော့ရက်ခံစားခွင့် လုံးဝမရှိဆိုတဲ့ပြစ်ဒဏ်မျိုးကို ချမှတ်တာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ဥပဒေမှာတော့ အခုတော့ အသက်အပိုင်းအခြားပေါ်မူတည်ပြီး ချမှတ်တဲ့ပြစ်ဒဏ်မျိုးကို တိတိကျကျပြဋ္ဌာန်းထားတာ မရှိသေးပါ

ဘူးရှင်။ ပိုမိုပြီး စိုးရိမ်စရာကောင်းတဲ့အချက်ကတော့ ကျူးလွန်သူဟာ ထောင်လျှော့ရက်တွေ၊ လွတ်ငြိမ်းချမ်းသာခွင့်တွေနဲ့ ထောင်ထဲမှာ ခေတ္တသာနေရပြီး ပြန်လည်လွတ်လာတာသာ ဖြစ်ပါတယ်။ ဒီလို ခံစားခွင့်တွေကြောင့် ကျူးလွန်သူဟာ ပြစ်ဒဏ်ကို မစိုးရွံ့တော့ဘဲ ထောင်ကပြန်လွတ်လာတဲ့အချိန်မှာ ကလေးငယ်နှင့် မိသားစုတွေအပေါ် ခြိမ်းခြောက်တာမျိုးတွေရှိလာတတ်ပါတယ်။ ဒါကြောင့်မို့ တိကျသောဥပဒေမျိုးကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်အနေနဲ့တင်ပြရလျှင် သက်ငယ်မုဒိမ်းကျူးလွန်ခံရတဲ့ကလေးတွေမှာ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူကလေးငယ်တွေ ပါဝင်နေတာကို တွေ့လာရတာ အထူးဝမ်းနည်းစရာကောင်းပါတယ်။ ဒီလိုကာကွယ်နိုင်စွမ်းအားနည်းနေတဲ့ ကလေးမျိုးတွေကိုမှ ပစ်မှတ်ထားပြီး အကြမ်းဖက်မှုတွေ၊ စော်ကားမှုတွေရှိနေတာဟာ ရပ်ရွာအတွင်း လုံခြုံမှုအားနည်းနေတယ်ဆိုတာကို ပြသနေပါတယ်။ ဒီလို ရုပ်ပိုင်း၊ စိတ်ပိုင်းမသန်စွမ်းတဲ့ကလေးတွေဟာ တွေ့ကြုံရတဲ့ပြဿနာကတော့ ကျူးလွန်ခဲ့တဲ့ အဖြစ်အပျက်ကို သေသေချာချာ ပြန်လည်မပြောရဲ၊ မပြောနိုင်တဲ့ပြဿနာ ဖြစ်ပါတယ်။ ဒ့ါအပြင် သူတို့နေထိုင်တဲ့ကျေးရွာ၊ မြို့နယ်၊ အမှုစစ်တဲ့ခရိုင်ရုံးချိန်းသွားရတဲ့အခါအတိုင်း ငွေကြေးအားဖြင့်ဖြစ်စေ၊ လုံခြုံရေးအရဖြစ်စေ အခက်အခဲတွေ များစွာတွေ့ရပါတယ်။ ဒီလိုအချက်တွေကြောင့် ကျူးလွန်ခဲ့တဲ့တရားခံတွေဟာ အပြစ်ကမလွတ်မြောက်သင့်ဘဲ လွတ်မြောက်နေတာ တွေ့ရပါတယ်။ Power Point ပေါ်မှာတွေ့ရတဲ့ကိန်းဂဏန်းများဟာ တရားဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းတွေဖြစ်တဲ့ ရဲစခန်း၊ တရားရုံးနဲ့ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးတွေကို လာရောက်တိုင်တန်းကြတဲ့ဖြစ်စဉ်တွေဖြစ်ပြီး ထိုသို့ရောက်မလာဘဲ ပျောက်ကွယ်သွားကြတဲ့အမှုတွေ မည်မျှရှိနိုင်မလဲဆိုတာကို တွေးမိရုံနဲ့ ရင်လေးစရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စိတ်မကောင်းစရာတွေ့ရတဲ့အချက်တစ်ချက်ကတော့ မြန်မာ့လူ့အဖွဲ့အစည်းမှာရှိရင်းစွဲဖြစ်သော အယူအဆများမှာ ကျူးလွန်သူများအပေါ် အပြစ်မတင်ဘဲ ခံရသူရဲ့ဝတ်စားဆင်ယင်မှုကြောင့်လို့ သုံးသပ်လေ့ရှိတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဒီကောက်ချက်က ခံရသူကို မိအေးနှစ်ခါဖြစ်စေဖို့၊ ကျူးလွန်သူကို အားပေးအားမြှောက်ပြုရာလည်း ရောက်ပါတယ်။ ကျူးလွန်စော်ကားခံရတဲ့အမှုတော်တော်များများဟာ အသက် ၁၀ နှစ်အောက်၊ တချို့ဆိုလျှင် သုံးနှစ်အောက်ကလေးများဖြစ်ကြပါတယ်။ ဒီကလေးတွေဟာ ကလေးစိတ်သာရှိပြီး မြူဆွယ်ဖို့သိနားလည်တဲ့အရွယ်မဟုတ်သေးပါဘူး။ ဒီလို လွဲမှားတဲ့အယူအဆများကြောင့် ကျူးလွန်ခံရသူမိသားစုများဟာ လွဲမှားတဲ့အယူအဆအောက်မှာ ခေါင်းငုံ့ခံနေကြရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ သက်ငယ်မုဒိမ်းဖြစ်ပွားခြင်းရဲ့အဓိကအကြောင်းတွေထဲမှာ မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုနှုန်းတွေ မြင့်မားလာနေခြင်းဆိုတဲ့အချက်က ပါဝင်ပါတယ်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့က နေပြည်တော်၌ကျင်းပသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအတည်ပြုရေးဆိုင်ရာဆွေးနွေးပွဲတွေ၊ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌက မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်မှုနှင့် သုံးစွဲမှုများသည် လူသားများ၏ကျန်းမာရေးနှင့် အေးချမ်းစွာနေထိုင်မှုကို ဆိုးရွားစွာခြိမ်းခြောက်လျက်ရှိကြောင်း ပြောကြားသွားပါတယ်။ ယခုအခါ မူးယစ်ဆေးဝါးနှင့်စိတ်ကြွဆေးများကို နေရာတိုင်းမှာ အလွယ်တကူဝယ်လို့ရနေတာလည်း လူတွေရဲ့ကိုယ်ကျင့်သိက္ခာကို အလွယ်တကူချိုးဖောက်နိုင်အောင် တွန်းအား

ပေးနေသလို ဖြစ်နေပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ကိုယ်ကျင့်သိက္ခာဟာ အမျိုးသမီးဘဝကို အထူးလုံခြုံစေပါတယ်။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ တိုင်တန်းတဲ့အဖမ္ဘခံရသူ၊ အသတ်ခံရသူများ အတွက် အမြင့်ဆုံးသေဒဏ်ချမှတ်စေသော အရွယ်မရောက်သည့်ကလေးသူငယ်များအပေါ် ကျူးလွန် သည့်ဖြစ်ရပ်များ ဆက်လက်ဖြစ်ပွားသည်ကို ကြားသိရပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**သက်ငယ်မုဒိမ်းဖြစ်ပွားနေမှုကို လျော့နည်းပပျောက်အောင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ သက်ငယ်မုဒိမ်းဖြစ်ပွားနေ မှုကို လျော့နည်းပပျောက်အောင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကို တင်ပြလိုပါတယ်။ လက်ရှိတည်ဆဲ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ တွင် အသက် ၁၆ နှစ်အောက်ကို အသက်မပြည့်ဟုသတ်မှတ်ထား သော်လည်း သက်ငယ်မုဒိမ်းအတွက် ကျူးလွန်သူများကို သီးခြားထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်မပါဝင်ပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ရန် ညွှန်ကြားထား သော်လည်း အဆိုပါသက်ငယ်မုဒိမ်းဖြစ်ပွားမှုများမှာ လျော့ပါးသွားခြင်းမရှိဘဲ မြန်မာအမျိုးသမီးထုကို လုံခြုံမှုမရှိစေဘဲ အကြောက်တရားများဖြစ်ပေါ်နေကြရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ယခုအခါ အသက်ငယ်သူ ကလေးများအတွက် စိုးရိမ်တကြီးဖြစ်နေရတဲ့ သက်ငယ်မုဒိမ်းတွေကို သတင်းမီဒီယာနှင့် လူမှုကွန်ရက် များကြောင့် တစ်နေ့တစ်မျိုးမရိုးနိုင်အောင် ရင်နင့်ခါးသီးစွာပိုမိုသိရှိလာရပြီး ဖြစ်ရပ်တွေဟာ မြန်မာ့ လူ့ဘောင်အဖွဲ့အစည်းမှာလည်း လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ရွံရှာဖွယ်ရာ အော့နှလုံးနာစရာ လူမဆန်တဲ့ အဖြစ်ဆိုးများ ဖြစ်ကြပါတယ်။ ကလေးသူငယ်များဟာ ကျူးလွန်သူအပေါ် ကာမရာဂအဖြစ် လှုံ့ဆော် ရန် အကြောင်းမရှိပါလျက်နှင့် အကျူးလွန်ခံကြရပြီး အကျူးလွန်ခံရတဲ့ ဘာမှမသိနားမလည် အပြစ်မဲ့ တဲ့ကလေးသူငယ်တွေရဲ့ဘဝတွေဟာလည်း စိတ်ဒဏ်ရာအမျိုးမျိုးဖြင့် အနာဂတ်ရှေ့ခရီးလမ်းအတွက် ယုံကြည်မှုတွေကွယ်ပျောက်သွားခြင်း၊ အရွယ်နှင့်မမျှအောင် အကျူးလွန်ခံရတဲ့အတွက် ထိခိုက်ဒဏ်ရာ အနာတရဖြစ်ကြရင်းနှင့် အချို့ကလေးသူငယ်တွေဟာ အသက်ပါဆုံးရှုံးရတဲ့အထိ ဖြစ်သွားကြရပါ တယ်။ အကျူးလွန်ခံရတဲ့ ကလေးသူငယ်တွေရဲ့မိဘတွေဟာလည်း ကမ္ဘာပျက်မတတ်ရင်ထဲမှာ ခံစား နာကြည်းကြေကွဲခြင်းများ ဖြစ်ပေါ်နေမှုကို လူသားချင်းစာနာစိတ်ဖြင့် ခံစားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကလေးသူငယ်တွေရဲ့ဘဝကို မစာနာရက်စက်ယုတ်မာကြတဲ့ မုဒိမ်းကောင်တွေ ကို အကျူးလွန်ခံကြရတဲ့ ကာယကံရှင်တွေအပြင် လူသားအားလုံးက လူ့လောကကြီးမှာ မထားချင် လောက်အောင် မုန်းတီးစက်ဆုပ်ရွံရှာနေကြပေမဲ့ ကျူးလွန်တဲ့သူတွေကတော့ ပပျောက်သွားခြင်းမရှိဘဲ ဆက်လက်ကျူးလွန်နေမှုတွေက နိုင်ငံအတွက် တစ်ရိပ်ရိပ်မြင့်တက်လာတဲ့ သက်ငယ်မုဒိမ်းဆိုတဲ့ ပြစ်မှု

အပေါ် အချက်ပေးခေါင်းလောင်းများ ဖြစ်လာစေခဲ့ပါတယ်။ ကျူးလွန်သူအချို့ကို မိအောင်မဖမ်းနိုင်ခြင်း၊ နောင်ကျူးလွန်မယ့်သူများ ထပ်မံမကျူးလွန်ရဲအောင် ကြီးလေးတဲ့ပြစ်ဒဏ်များမပေးခြင်းများကြောင့် သက်ငယ်မုဒိမ်းများ ပပျောက်သွားခြင်းမရှိတာဟု လူဘောင်အသိုင်းအဝိုင်းက ထင်မြင်ယူဆနေကြပါတယ်။ မုဒိမ်းမှုဟူသည် လူမှုကျင့်ဝတ်သိက္ခာနှင့်လည်းဆိုင်နေသည်ဖြစ်ရာ ကျူးလွန်သူကို သနားခွင့်လွှတ်နိုင်ဖွယ်မရှိနိုင်သလို ငယ်လှသေးတဲ့ကလေးသူငယ်တွေကို ကျူးလွန်တဲ့သူများဟာလည်း ကျူးလွန်သူက အသက်အရွယ်ကြီးသူဖြစ်ပါက ပို၍စက်ဆုပ်ဖွယ်ဖြစ်ပါတယ်။ ပို၍ဆိုးရွားတာကတော့ မုဒိမ်းကောင်တွေဟာ ကလေးသူငယ်တွေကို ကျူးလွန်ပြီးနောက် ပြန်မပြောနိုင်အောင် သတ်ပစ်သည်အထိ ရက်စက်ယုတ်မာမှုများကို ကမ်းကုန်အောင် ပြုကျင့်ကြပါတယ်။ ဒါ့အတွက်ကြောင့် သက်ငယ်မုဒိမ်းတွေဖြစ်တဲ့အခါ အာဏာရှိတဲ့ပုဂ္ဂိုလ်တွေက အကျူးလွန်ခံရတဲ့မိသားစုကို ငွေကြေးဖြင့် ဖြားယောင်းပြီး တရားမစွဲဆိုနိုင်ရန် ဆောင်ရွက်ပေးသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သင့်သလို ပြုကျင့်ခံရသူမိသားစုအသိုင်းအဝိုင်းမှာ အားငယ်စိတ်ပျက်လာစေရန်နှင့် အမှုအား မတိုင်ကြားရန်၊ အမှုကိုလည်း ပေါ့လျော့ရန် တရားစွဲအဖွဲ့တွေရဲ့ဆောင်ရွက်ချက်တွေကိုလည်း တင်းတင်းကြပ်ကြပ်လမ်းညွှန်မှုများပေးရန် လိုအပ်နေပါတယ်။ ထို့အပြင် မှုခင်းဖြစ်ပွားပြီဆိုတာနဲ့ မှန်ကန်တိကျတဲ့ စိစစ်မှတ်တမ်းမှုတွေကိုလည်း အမှန်ဆုံးရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသင့်ပါတယ်။ နစ်နာခဲ့ရတဲ့ အပြစ်မဲ့ကလေးငယ်တွေနဲ့မိသားစုတွေအတွက် ကောင်းမွန်တဲ့အနာဂတ်ဖန်တီးပေးရန်လည်း အမှန်တကယ်လိုအပ်ပြီး ပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့ကလည်း စိတ်ဒဏ်ရာများထပ်မပေးရန် လွန်စွာအရေးကြီးပါတယ်။ ပြစ်မှုကျူးလွန်ရန် အားပေးအားမြှောက်ဖြစ်စေတဲ့ WY အပါအဝင် စိတ်ကြွဆေးတွေကိုလည်း ထိထိရောက်ရောက်နှိမ်နင်းခြင်းများ၊ Internet လူမှုကွန်ရက်တွေမှာ အလွယ်တကူရှာလို့ရနိုင်တဲ့ ဓာတ်ပုံတွေ၊ ညစ်ညမ်းစာပေတွေ၊ ဗွီဒီယိုဖိုင်တွေ၊ ရုပ်ရှင်များကိုလည်း ပညာပေးအစီအစဉ်များဖြင့် ပြန်လည်ထိန်းကျောင်းခြင်းများ၊ ကလေးသူငယ်များ မိမိကိုယ်ကို ထိန်းကျောင်းနိုင်မှုရှိရန်အတွက် အသိပညာဗဟုသုတများ ဝေငှပေးရန်နှင့် တရားရုံးတွေမှာလည်း ပြစ်မှုနှင့်ကိုက်ညီတဲ့ ပြစ်ဒဏ်ကို ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန်ချမှတ်နိုင်စေရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက မေးခွန်းနှစ်ရပ်ကို တစ်ပေါင်းတည်း ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်များ**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုတို့မေးမြန်းတဲ့မေးခွန်းများအပေါ်မှာ တစ်ပေါင်းတည်း ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုမှု ခွင့်ပြုပါရန်နှင့် သတ်မှတ်ချိန်ထက်အနည်းငယ်ပိုမိုခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုများကို ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားတဲ့ ပြစ်မှုများကို စုံစမ်းဖော်ထုတ်တရားစွဲဆိုခြင်းများ ဆောင်ရွက်လျက်ရှိပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ပြစ်မှုများကို အမှုကြီး ၁၀ မျိုး၊ အခြားအမှု ၁၀ မျိုး၊ ကြိုတင်ကာကွယ်မှု ၁၀ မျိုးဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိရာမှာ မုဒိမ်းမှုကို အမှုကြီးအဖြစ် သတ်မှတ်ပြီး တားဆီးနှိမ်နင်းလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ မုဒိမ်းမှုဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်ပြီး သိရှိနိုင်စေရန်နှင့် သက်ငယ်မုဒိမ်းဖြစ်ပွားမှုတွေကို တာဝန်ရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးပါသိရှိပြီး ကလေးသူငယ်များကို အဓမ္မပြုကျင့်ခံရမှုများမှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်နိုင်စေရန် ရည်ရွယ်ပြီး ကိန်းဂဏန်းအချက်အလက်များအပေါ် သုံးသပ်တင်ပြသွားပါမယ်။ မြန်မာနိုင်ငံမှာ မုဒိမ်းမှုများဖြစ်ပွားမှုမှာ တင်ပြပါဇယားမှာ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်ပွားမှုများအပေါ် သုံးသပ်တဲ့အခါမှာ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုရာခိုင်နှုန်းဟာ ၂၀၁၆ ခုနှစ်မှာ ၆၁ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၆၄ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်မှာ ၆၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့တဲ့အတွက် နှစ်အလိုက်မုဒိမ်းမှုဖြစ်ပွားမှုအရေအတွက်သည် တိုးပွားလာသလိုပဲ သက်ငယ်မုဒိမ်းဖြစ်ပွားမှုရာခိုင်နှုန်းဟာလည်း မြင့်မားလာကြောင်း သိရှိရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်ပွားမှုကတော့ တင်ပြပါအတိုင်းဖြစ်ပြီး ပြစ်မှုအနည်းအများအလိုက် တင်ပြထားရှိပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရာမှာ ကျူးလွန်ခံရသူများနဲ့ အသက်နှစ်နှစ်မှ ငါးနှစ်ကြား ကလေးသူငယ်များပင် ပါရှိပြီးတော့ အသက် ၁၄ နှစ်မှ ၁၆ နှစ်ကြား ကလေးသူငယ်တွေဟာ အများဆုံးကျူးလွန်ခံရကြောင်းနှင့် ကျူးလွန်သူအများစုဟာ အသက် ၁၉ နှစ်မှ အသက် ၅၀ ကြား အများဆုံးဖြစ်ကြောင်း၊ အသက် ၁၆ နှစ်အောက်ကလေးများပင်လျှင် သက်ငယ်မုဒိမ်းကျူးလွန်မှုတွေမှာ ပါဝင်ကျူးလွန်နေကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ကျူးလွန်သူများနှင့် ပထွေးများနှင့် ဆွေမျိုးတော်စပ်သူများမှ အခွင့်အရေးရယူမှုရှိသကဲ့သို့ ဖခင်အရင်းများပင် ကျူးလွန်ကြောင်းကို တွေ့ရှိရပါတယ်။ သူစိမ်းအမျိုးသားတွေက ကျူးလွန်မှုကတော့ ဖြစ်စဉ်တွေမှာ အများဆုံးဖြစ်ပွားလျက်ရှိပါတယ်။ ဒါ့အပြင် နေ့အချိန် ကျေးရွာတွေမှာအများဆုံးဖြစ်ပွားခဲ့ကြောင်းနှင့် ကျူးလွန်ခံရတဲ့အကြောင်းရင်းတွေမှာ ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်မှုများအများဆုံးဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဖြားယောင်းသွေးဆောင်မှုတွေဟာ ဒုတိယအများဆုံးကျူးလွန်ကြောင်း တွေ့ရပါတယ်။ သက်ငယ်မုဒိမ်းမှုများပိုမိုဖြစ်ပွားလာရခြင်းရဲ့အကြောင်းရင်းတွေကို စိစစ်ပြီး တင်ပြပါအတိုင်း သုံးသပ်တွေ့ရှိရပြီး ညစ်ညမ်းဗွီဒီယိုများ အလွယ်တကူကြည့်ရှုနိုင်ခြင်းနှင့် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကြောင့် ကျူးလွန်မှုများ ပိုမိုဖြစ်ပွားလာရကြောင်းကိုလည်း သုံးသပ်တင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုအပေါ် သုံးသပ်ပြီး သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရာမှာ ပြစ်မှုဖြစ်ပွားမှုများကို တွန်းအားဖြစ်စေတဲ့ အရက်နှင့် မူးယစ်ဆေးဝါး

အမှုအပါအဝင် ကြိုတင်ကာကွယ်မှုများကို ထိထိရောက်ရောက်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဖြစ်ပွားလာတဲ့အမှုများကို သက်သေအထောက်အထားခိုင်လုံစွာဖြင့် ဥပဒေနှင့်အညီ တရားစွဲတင်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းကို သက်ဆိုင်ရာတရားရုံးမှဆောင်ရွက်ပြီး ထိရောက်သောပြစ်ဒဏ်ရရှိရေးအတွက် ဥပဒေရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားရုံးတွေကနေ ချမှတ်တဲ့ ပြစ်ဒဏ်နှင့်စပ်လျဉ်းပြီး ပြစ်မှု ပြစ်ဒဏ်မျှတမှုမရှိသောအမှုများကို စိစစ်ပြီးတော့ အဆင့်မြင့်တရားရုံးများသို့ အယူခံမှု ပြင်ဆင်မှုများ တက်ရောက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် တစ်ချိန်တည်းမှာပဲ မှုခင်းကြိုတင်ကာကွယ်တားဆီးရေးမဟာဗျူဟာအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး လေ့လာသုံးသပ်ပြင်ဆင်ရေးဆွဲခြင်းနှင့် မူးယစ်မူဝါဒအသစ်ချမှတ်ရေးဆွဲအကောင်အထည်ဖော်မှုများကိုလည်း ဆောင်ရွက်ခြင်းအားဖြင့် သက်ငယ်မုဒိမ်းအပါအဝင် ရာဇဝတ်မှုများ၊ လျော့နည်းကျဆင်းရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူလူထုများပူးပေါင်းပါဝင်ဆောင်ရွက်မှုများနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သက်ငယ်မုဒိမ်းပြုကျင့်သူများအပေါ်မှာ ဆန့်ကျင်တဲ့ ကလေးသူငယ်များ အကာအကွယ်ပေးခြင်းစတဲ့ လူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေဟာလည်း သက်ငယ်မုဒိမ်းလျှော့ချနိုင်ရေးအတွက် အဓိကစွမ်းအားတစ်ရပ်ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သက်ငယ်မုဒိမ်းများ စုံစမ်းစစ်ဆေးပြီး တရားရုံးတွေကို တရားစွဲတင်ပို့ရာမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကနေ ဧပြီလအထိ မြို့နယ်တရားရုံးကို ၁၃ မှု၊ ခရိုင်တရားရုံးကို ၂၃၆ မှု စုစုပေါင်း ၂၄၆ မှု တရားစွဲတင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သက်ငယ်မုဒိမ်းဖြစ်ပွားမှုများကို ၂၀၁၆ ခုနှစ်မှာ ၉၆.၇၂ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၉၇.၉၉ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်မှာ ဇန်နဝါရီလကနေ ဧပြီလအထိ ၆၉.၁၇ ရာခိုင်နှုန်း ဖမ်းဆီးတရားစွဲတင်နိုင်ခဲ့ပြီး ကျန်ရှိတဲ့ တရားခံတွေကို တရားစွဲတင်ခြင်းနှင့် တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တရားရုံးမှာ သက်ငယ်မုဒိမ်းကျူးလွန်သူတွေကို ပြစ်ဒဏ်ချမှတ်မှုအနေနဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ထောင်ဒဏ် ၈ နှစ်မှ ၁၀ နှစ်အထိ ၂၈ ဦး၊ ထောင်ဒဏ် ၁၁ နှစ်မှ ၂၀ နှစ်အထိ ၁၃ ဦး၊ ထောင်ဒဏ် ၂၀ နှစ်အထက် လေးဦးနှင့် သေဒဏ်တစ်ဦး စုစုပေါင်း ၄၆ ဦးကို တရားရုံးများမှလည်း ပြစ်ဒဏ်အသီးသီး ချမှတ်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ထောင်ဒဏ် ၂၀ နှစ် ချမှတ်ခဲ့ရာမှာ ၂၀၁၇ ခုနှစ်မှာ ၂၅ ဦးအထိ အမိန့်ချမှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ သေဒဏ်တစ်ဦး ပြစ်ဒဏ်ချမှတ်ခဲ့တဲ့အတွက် သက်ဆိုင်ရာတရားရုံးများအနေနဲ့ ထိရောက်ပြစ်ဒဏ်များတိုးမြှင့်ချမှတ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခဲ့တဲ့အမှုများအနက်မှာ ၂၀၁၆ ခုနှစ်မှာ ၁၇ မှု၊ ၂၀၁၇ ခုနှစ်မှာ ၃၄ မှုနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလအထိ ၁၁ မှု စုစုပေါင်း ၆၁ မှုကို ပြစ်မှုနှင့် ပြစ်ဒဏ်မျှတမှုမရှိကြောင်း သုံးသပ်တွေ့ရှိရတဲ့အတွက် ပြစ်ဒဏ်တိုးမြှင့်နိုင်ရေးကိုလည်း အယူခံပြင်ဆင်တက်ရောက်ခဲ့ပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ မုဒိမ်းမှုအတွက်အများဆုံးချမှတ်နိုင်တဲ့ပြစ်ဒဏ်မှာ ထောင်ဒဏ် ၂၀ နှစ်ဖြစ်၍ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ဥပဒေ၊

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ တရားစွဲတင်ခြင်း၊ ကလေးသူငယ်များကို မုဒိမ်းမှုကျူးလွန်ခြင်းကြောင့် အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း၊ ရောဂါဝေဒနာစွဲကပ်နိုင်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ကို ဖြစ်စေတဲ့အတွက် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ(က)အရလည်း ထပ်မံအရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျူးလွန်ခံရသူတွေကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ စည်းရုံးခြင်း၊ သယ်ဆောင်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ စစ်ဆေးပေါ်ပေါက်လို့ရှိရင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရလည်း ထပ်မံပူးတွဲအရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြစ်မှုကျူးလွန်သူတွေကို ဥပဒေနဲ့အညီ ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာတရားရုံး၊ ဥပဒေရုံးများဟာ ကဏ္ဍအလိုက်အလေးထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်ပြီး ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေများကို ကလေးသူငယ်အခွင့်အရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းရဲ့ မြန်မာနိုင်ငံအပေါ်အကြံပြုချက်များနဲ့အညီ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကို ပြန်လည်ရေးဆွဲဆောင်ရွက်လျက်ရှိတဲ့အပြင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း အသစ်ရေးဆွဲလျက်ရှိပါတယ်။ အဆိုပါဥပဒေကြမ်းမှာ ကလေးသူငယ်အမျိုးသမီးများ၊ မသန်စွမ်းသူအမျိုးသမီးများအပေါ် ကျူးလွန်တဲ့ မုဒိမ်းမှုများနဲ့ပတ်သက်ပြီး ထိရောက်ဟန့်တားတဲ့ပြစ်ဒဏ်များချမှတ်နိုင်ရေးကိုလည်း ထည့်သွင်းရေးဆွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေးအတွက် ပညာပေးဟောပြောမှုများဆောင်ရွက်ရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ဥပဒေအရာရှိများ၊ လူမှုဝန်ထမ်းဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရပ်ကွက်/ကျေးရွာများအထိလည်းကောင်း၊ စာသင်ကျောင်းများမှာလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဘာသာရေး၊ လူမှုရေးဆိုင်ရာသင်တန်းတွေမှာလည်း သက်ငယ်မုဒိမ်းမှုများအပါအဝင် မှုခင်းများမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောမှုတွေကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလထိ ပညာပေးဟောပြောမှုစုစုပေါင်း ၆၃၂၁ ကြိမ်၊ လက်ကမ်းစာစောင်ဖြန့်ဝေမှု ၂၆၀၆ ကြိမ် အစောင်ရေစုစုပေါင်း ၁၀၀၀၀၀ ကျော် ဖြန့်ဝေနိုင်ခဲ့ပါတယ်။ ဆိုင်းဘုတ်/ပိုစတာစိုက်ထူခြင်း၊ ပြည်သူလူထုအတွင်း ပညာပေးဟောပြောမှု ၂၇၈ ကြိမ်လည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး ပြည်သူတစ်ရပ်လုံးသို့ အသိပညာပေးဟောပြောမှုများ ကြိုတင်ကာကွယ်ရေးအတွက် အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပြည်သူလူထုအတွင်း ပညာပေးဟောပြောမှုများပြုလုပ်ရာမှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမက ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သက်ငယ်မုဒိမ်းမှုများအပါအဝင် မုဒိမ်းမှုများလျော့နည်းကျဆင်းရေးအတွက် ကြိုတင်ကာကွယ်ရေးအရေးယူမှုများအနေနဲ့ ညစ်ညမ်းရုပ်ရှင်ပြသမှုများ၊ ရောင်းချမှုများ ဥပဒေနှင့်အညီ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း၊ လိုင်စင်မဲ့

အရက်ချက်လုပ်ရောင်းချသူများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူ၊ သုံးစွဲသူများ ဖော်ထုတ်အရေးယူခြင်း၊ မိန်းကလေးငယ်များကို ကာအိန္ဒြေပျက်ပြားအောင် ထိခိုက်နှောင့်ယှက်သူများကို ဥပဒေအရ အရေးယူခြင်း၊ ခွင့်ပြုချက်မရှိသောလိုင်စင်ပိုင်းဆိုင်ရာဆေးဝါးများရောင်းချမှုကို ဥပဒေနှင့်အညီဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလကုန်အထိ မုဒိမ်းမှုကြိုတင်ကာကွယ်ရေးအတွက် ဖမ်းဆီးအရေးယူမှုမှာ ပြည့်တန်ဆာမှု ၁၄၁ မှု၊ ယစ်မျိုးမှု ၂၅၄၃ မှု၊ မူးယစ်ဆေးဝါးမှု ၃၃၁၀ မှု၊ ဆင်ဆာမဲ့ဗီဒီယိုဖမ်းဆီးမှု ၅၈ မှုတို့ကို ဖမ်းဆီးအရေးယူခဲ့ပြီး ပိုမိုဖမ်းဆီးနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သက်ငယ်မုဒိမ်းဖြစ်စဉ်မှာ မည်သို့မှလက်မခံနိုင်တဲ့ ပြစ်မှုဖြစ်တဲ့အတွက် လူမဆန်တဲ့လုပ်ရပ်အဖြစ်သတ်မှတ်ပြီး၊ ဖြစ်စဉ်များလျော့နည်းပပျောက်ပြီး အနာဂတ်မျိုးဆက်သစ်ကလေးသူငယ်များကို ထိရောက်စွာအကာအကွယ်ပေးနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန်နှင့် မြို့ပေါ်နှင့်ကျေးလက်ဒေသများအပါအဝင် လူထုလူတန်းစားအလွှာအသီးသီးမှာ ဥပဒေအသိပညာနှင့် မှုခင်းအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး ပညာပေးဟောပြောမှုများဆောင်ရွက်ခြင်း၊ ပြစ်မှုဖြစ်ပွားမှုကို တွန်းအားဖြစ်စေတဲ့ကိစ္စရပ်များကို ကြိုတင်ကာကွယ်မှုအနေနဲ့ ထိထိရောက်ရောက်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဖြစ်ပွားရတဲ့အကြောင်းအရင်းများပေါ်သုံးသပ်ပြီး အစီအမံများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဖြစ်ပွားလာသည့်အမှုများကို ခိုင်မာစွာတရားစွဲတင်ပြီး ဥပဒေနှင့်အညီ ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထိရောက်တဲ့ပြစ်ဒဏ်များချမှတ်နိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်တားဆီးကာကွယ်ရေးဥပဒေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ အသစ်ရေးဆွဲလျက်ရှိခြင်း၊ ပြစ်မှုကျူးလွန်ခံရသူကလေးသူငယ်များရဲ့စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် စောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မေးခွန်းနှစ်ခုကို တစ်ပေါင်းတည်း ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးသာဌေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီး ဦးသာဌေးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုတို့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မုဒိမ်းမှုနှင့်စပ်လျဉ်းပြီး ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ ပြစ်မှုကျူးလွန်တဲ့တရားခံကို ထောင်ဒဏ် အနှစ် ၂၀ ထိဖြစ်စေ၊ ၁၀ နှစ်ထိထောင်ဒဏ်တစ်မျိုးဖြစ်စေ ချမှတ်ရမယ့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါတယ်။ သို့သော် တရားခံက အရွယ်မရောက်သေးသူ ကလေးသူငယ်ကိုဖြစ်စေ၊ အရွယ်ရောက်ပြီးသူကိုဖြစ်စေ မုဒိမ်းမှုပြုကျင့်ပြီး ယင်းမုဒိမ်းပြုကျင့်ခံရသူကို သတ်ဖြတ်ခဲ့ကြောင်းပေါ်ပေါက်ပါက ယင်းတရားခံကို တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၂ (ဃ)အရ သေဒဏ်မှအပ အခြားပြစ်ဒဏ် ချမှတ်နိုင်ခြင်းမရှိသဖြင့် သေဒဏ်ကိုမလွဲမသေ ချမှတ်မှာဖြစ်ပါတယ်။ ယခုအခါ အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သည့်ပြစ်မှုများ များပြားလာကြောင်းသိရသဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သည့်ပြစ်မှုများကို ခရိုင်တရားရုံးကလက်ခံစစ်ဆေးရန် ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်ပါက ပြစ်မှုကျူးလွန်သူတရားခံကို ထိရောက်ဟန့်တားသည့် ပြင်းထန်သောပြစ်ဒဏ်၊ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ရန် အဆိုပါအမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အစီရင်ခံသွားရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၉-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၂၁/၂/ပတခ ၆၃/၂၀၁၇ ဖြင့် လက်အောက်ခံတရားရုံးများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းညွှန်ကြားချက်အတိုင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အရွယ်မရောက်သေးသူကလေးသူငယ်အပေါ် ကျူးလွန်သည့် သက်ငယ်မုဒိမ်းမှုများကို ဥပဒေအရခွင့်ပြုသည့် ကြီးလေးသောပြစ်ဒဏ်များချမှတ်နိုင်ခြင်းဖြင့် မုဒိမ်းမှုများလျော့နည်းပပျောက်စေရန် တရားရုံးက ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ တရားရုံးများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သူတရားခံများကို ဥပဒေအရခွင့်ပြုသည့်အတိုင်း ကြီးလေးသည့်အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ယင်းပြစ်မှုများဖြစ်ပွားမှုလျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားသူကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချောင်းကြီးချောင်း၊ နက်နန်းချောင်းအစရှိသော ကျေးရွာများစွာတည်ရှိရာ မြစ်ချောင်းများအတွင်း ရွှေမျှောများခိုးတိုက်နေကြခြင်း လုံးဝမရှိစေရေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်ကနေပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချောင်းကြီးချောင်း၊ နက်နန်းချောင်းအစရှိတဲ့ ကျေးရွာများစွာတည်ရှိရာ မြစ်ချောင်းများအတွင်း ရွှေမျှောများခိုးတိုက်နေခြင်းကို လုံးဝမရှိစေရေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် မည်ကဲ့သို့စောင့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားမည်ကို သိရှိလိုခြင်းနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဒီဟုမ္မလင်းမြို့နယ်အတွင်းမှာ ချောင်းကြီးချောင်း၊ နက်နန်းချောင်း၊ နန့်ထိန်ကွန်းချောင်း၊ နန်းမော်ချောင်းဆိုပြီးမှ

ရေဆင်းဒေသများစွာရှိပါတယ်။ အဲဒီရေဆင်းဒေသများစွာဟာ ကျေးရွာများတစ်ဆင့်၊ ကမ်းဘေးမှာ တစ်စဉ်တစ်ဆက် တည်ရှိနေပါတယ်။ အဲဒီဒေသမှာရှိတဲ့ ကျေးရွာပြည်သူတွေဟာ ထိုချောင်းများကို အမှီပြုပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်စားသောက်ကြပါတယ်။ ယခုအခါ ထိုရေဆင်းဒေသများမှာ ရွှေမျောများ တရားမဝင်ခိုးတိုက်ကြပါသဖြင့် ရေလမ်းကြောင်းများပိတ်ကာ နွေခေါင်ခေါင်မှာပင် ကျေးရွာများအတွင်း ရေဘေးအန္တရာယ်ကျရောက်နိုင်တဲ့အခြေအနေကို ကြုံနေရပါတယ်။ မိုးရွာလာတာနဲ့တစ်ပြိုင်နက် ရေဆင်းများပိတ်ပြီး တချို့ရွာများတွင် ရေများအောင်းခြင်း၊ လယ်များအတွင်း ရေအောင်းခြင်းများ ကြုံနေရပါတယ်။ မြို့နယ်တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ အကြိမ်ကြိမ်သွားရောက်တားမြစ်သော်လည်း ရပ်ဆိုင်းသွားခြင်းမရှိဘဲ တားမြစ်သူများကိုပင် ဘေးအန္တရာယ်နှင့်ကြုံနိုင်သည့်အင်အားစုအဖြစ် တိုးပွားလာတာတွေ့ရှိရပါတယ်။ စစ်ဆေးရေးလာတော့မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေလာတော့မယ်ဆိုရင် ရပ်ဆိုင်းဖြုတ်သိမ်းထားပြီး ပြန်သွားပြီဆိုရင် ဆက်လက်မောင်းမြဲ၊ တိုက်မြဲဖြစ်နေတာတွေ့ရလည်း အံ့သြစရာပါ။ မြစ်၊ ချောင်းရေဆင်းများအတွင်း ရွှေမျောများခိုးတိုက်ခြင်း လုံးဝရပ်ဆိုင်းသွားရန် အထူးအစီအစဉ်ချမှတ်ပြီး ဆောင်ရွက်သွားမှသာ ရေဆင်းများကောင်းမွန်လာပြီး လယ်/ယာများပျက်စီးမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ စောင့်ကြည့်ထိန်းသိမ်းဖို့လည်း အထူးလိုအပ်ပါတယ်။

Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်တို့ ချောင်းကြီးချောင်းမှာ ရွှေမျောတိုက်နေတဲ့ပုံပါ။ ဒီဘက်မှာတော့ ကျွန်တော်ရဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးလွင်နဲ့အတူ ပြီးခဲ့တဲ့လွှတ်တော်ပိတ်ရက် ဧပြီလကုန်မှာသွားရောက်ခဲ့တဲ့ အချိန်တွေဖြစ်ပါတယ်။ ဟိုဘက်ပုံကတော့ ချောင်းကြီးကမ်းကြီးကို မျောသဲစာပုံတွေနဲ့ပစ်ချပြီး အဲဒီလောက်ထိမြင့်မားနေပါတယ်။ ဒါဆိုရင် ရွာနဲ့ချောင်းကြီးဟာ တံတိုင်းကြီးကာသလိုဖြစ်နေပါတယ်။ ဒါ ရွှေမျောတိုက်နေကြတဲ့ပုံတွေပါ။ ဒီဘက်က ရွှေမျောတိုက်နေကြတဲ့ပုံတွေဖြစ်ပြီးမှ ဟိုဘက်ကတော့ ရွှေမျောရဲ့အထက်မှာ ရေအောင်းနေတဲ့ပုံတွေပါ။ ဒီဘက်က တုန်းဝင်ဘောကြိုးတံတားဖြစ်ပါတယ်။ အဲဒီ ကြိုးတံတားကြီးအောက်မှာရှိတဲ့ ချောင်းကြီးချောင်းကြီးဟာ မိုးရွာသီမှာရေကြီးသလိုပဲ ရေအပြည့်ဖြစ်နေပါတယ်။ ဒီချောင်းရဲ့အောက်မှာတော့ ဒီဘက်ကတွေ့ရသလိုပဲ ရွှေမျောတွေကထောင်ချီရှိတာကို တွေ့ရှိရပါတယ်။ ဒီရွှေမျောရဲ့အောက်ဘက်မှာဆိုရင် ချောင်းကို အဲဒီလောက်အကျဉ်းလေး ကျဉ်းကျဉ်းလေး ချောင်းစီးနေတာရှိပါတယ်။ ကျန်တာတွေအားလုံးကတော့ သဲစာတွေနဲ့ပြည့်နှက်နေပါတယ်။ ချောင်းပေါ်မှာတွေ့ရတဲ့ နေရာများစွာကိုရိုက်ခဲ့တာပါ။ တစ်ကွေ့တစ်ကွေ့တိုင်းကို အဲဒီအတိုင်း ရွှေမျောတွေက တည်ရှိနေတာပါ။ ကျေးဇူးတင်ပါတယ်။

ကျွန်တော်ပြောချင်တာက ဒီရွှေမျောတွေကို တရားမဝင်တိုက်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံတော်အတွက်လည်း ဘဏ္ဍာငွေမရပါဘူး။ ဒီရွှေမျောတွေတိုက်လိုက်တဲ့အတွက် ရေဆင်းတွေမှာလည်း ပျက်စီးပြီးတော့မှ ချောင်းကမ်းတွေပျက်စီးပါတယ်။ ကျွန်တော်တို့သွားပြီဆိုရင် ချောင်းကမ်းတွေပြုပြင်ဖို့ တောင်းတဲ့အတွက် ကျွန်တော်တို့က ချောင်းကမ်းပြုပြင်ဖို့တင်ပြီဆိုရင်လည်း နိုင်ငံတော်ဘတ်ဂျက်ကုန်တာကိုလည်း ကြုံတွေ့ရပါတယ်။ ဒါ့ကြောင့် ဒီရွှေမျောလုပ်သားတွေဘက်က မေးကြည့်တော့လည်း သူတို့မှာ သူတို့အတွက်တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့်ဆိုတဲ့ မျှော်လင့်ချက်ကလေးကိုလည်း

အခုထိမျှော်လင့်နေကြတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဒီချောင်းကြီး၊ နန်ထိန်ကွန်း၊ နန့်ဇကားချောင်းတွေဟာ ဥရုမြစ်ထဲမှာစုဝင်ကြပြီးတော့မှ နက်နန်းချောင်းကတော့ ချင်းတွင်းမြစ်ထဲကိုစီးဝင်ပါတယ်။ ဥရုမြစ်ကြီးကို အထက်ပိုင်းမှာ ကချင်ပြည်နယ်ဘက်မှာတော့ အနိုင်ကျင့်ခံရတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့ထဲမှာတော့ သူ့ရဲ့ရေဝင်ရေလက်တက်များကို ဖျက်ဆီးခံနေရတဲ့အတွက် ဥရုမြစ်ကြီးဟာ တစ်ခါပျက်စီးပြီးတော့မှ ချောင်းရေဟာနောက်ကျိနေပါပြီ။ ဒီဥရုမြစ်ကြီးကယ်တင်ရန်လည်း အရေးကြီးနေတာဖြစ်ပါပြီ။ ဒါကြောင့်မို့ ဒီဥရုမြစ်ကြီးကယ်တင်ရန်ရော၊ ချောင်းကြီးချောင်းမှာရှိတဲ့ ရွှေမှောတိုက်နေတာရော ဘယ်လိုဆောင်ရွက်မလဲဆိုတာကို သိချင်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်ဟာ ၄၅၂၉.၅၆၈ ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီးတော့ အရှေ့ဘက်မှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်၊ အနောက်ဘက်မှာ တမူးမြို့နယ်၊ တောင်ဘက်မှာ ဖောင်းပြင်မြို့နယ်၊ မြောက်ဘက်မှာ ခန္တီးမြို့နယ်၊ လေရှီးမြို့နယ်တို့နဲ့ ဆက်စပ်တည်ရှိပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ ဒေသအနှံ့အပြားမှာ ရွှေထွက်ရှိတဲ့အတွက်ကြောင့်မို့ ယခင်ကတည်းကပင် ဒေသခံတွေဟာ မိရိုးဖလာရွှေထုတ်လုပ်မှု လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတဲ့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ အသေးစားရွှေလုပ်ကွက်များ ချထားလုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒေသခံနဲ့ရွှေ့ပြောင်းအခြေချနေထိုင်သူအချို့ဟာ ကုမ္ပဏီတည်ထောင်ပြီးတော့ အသေးစားရွှေလုပ်ကွက်များ လျှောက်ထားခဲ့သော်လည်း အချို့မှာအရင်းနှီးမရှိ၍ တရားမဝင်လုပ်ကိုင်ခြင်း၊ မြစ်ကြောင်းတစ်လျှောက်မှာ ရွှေထွက်မှုနှုန်းကောင်းမွန်ခြင်း၊ အလွယ်တကူရှာဖွေနိုင်ခြင်း၊ လုပ်ငန်းအတွက်လိုအပ်တဲ့ ရေအလွယ်တကူရရှိနိုင်ခြင်းတို့ကြောင့် ချောင်းကြီးချောင်း၊ နက်နန်းချောင်းအစရှိတဲ့ ကျေးရွာမှာတည်ရှိတဲ့ မြစ်ချောင်းတွေမှာ တရားမဝင်ရွှေမှောတိုက်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ တရားမဝင်ရွှေမှောများလုပ်ကိုင်မှုမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ သတ္တုတွင်းလုပ်ငန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပါဝင်တဲ့ ဖမ်းဆီးစစ်ဆေးရေးအဖွဲ့များမှ အကြိမ်ကြိမ်ကွင်းဆင်းပြီး ဖမ်းဆီးစစ်ဆေးအရေးယူခဲ့ပေမဲ့လည်း တရားမဝင်ရွှေမှောလုပ်ကိုင်သူတွေဟာ လာရောက်စစ်ဆေးချိန်မှာ ရှောင်တိမ်းထွက်ခွာပြီး ဖမ်းဆီးစစ်ဆေးရေးအဖွဲ့များပြန်သွားချိန်မှာတော့ တရားမဝင်ရွှေမှောလုပ်ကိုင်သူများ ပြန်လည်လုပ်ကိုင်ကြောင်းလည်း သိရှိရပါတယ်။

တရားမဝင်ရွှေမှော်လုပ်ကိုင်သူတွေဟာ မြန်မာ့သတ္တုတွင်းဥပဒေအရ အရေးယူခဲ့ရာမှာ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်ထိ ၆၅ မှု၊ တရားခံ ၁၁၃ ဦး၊ အင်ဂျင်စက်နဲ့ဆက်စပ်ပစ္စည်းများ ဖမ်းဆီး အရေးယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တရားမဝင်ရွှေမှော်များမှာအသုံးပြုတဲ့ ပိုင်ရှင်မဲ့ပစ္စည်းသိမ်းဆီး ရမှုများ အနေနဲ့လည်း ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အင်ဂျင် ၆၃ လုံးကိုလည်း ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပါတယ်။ တရားဝင်လုပ်ဆောင်ခွင့်ရရှိပြီးတဲ့ ကုမ္ပဏီတွေက လိုက်နာရမယ့်အချက်များ လိုက်နာမှုမရှိဘဲ စည်းကမ်းမဲ့တူးဖော်ဆောင်ရွက်နေခြင်း၊ တရားမဝင်ရွှေသတ္တုတူးဖော်လုပ်ကိုင်နေသူ များကို စနစ်တကျစီမံဆောင်ရွက်ရန်လိုအပ်လျက်ရှိတဲ့အတွက်ကြောင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ နေ့ မှာကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစည်းအဝေးမှာ ဟုမ္မလင်းမြို့နယ်၊ နန့်တော၊ လောင်ဖောင်၊ ထိန်ကုန်း၊ ဟဲဖက်ကျေးရွာအုပ်စုများမှာ ရွှေသတ္တုတူးဖော်လုပ်ခြင်းများကို ယာယီရပ်ဆိုင်းထားရန် ဆုံးဖြတ်ဆောင်ရွက်ကြပ်မတ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် နေ့မှာကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစည်းအဝေးမှာ လျှောက်ထားတဲ့ မြေနေရာဟာ ယခင်တူးဖော်ထားတဲ့ မှော်မီးခုံဟောင်းများဟုတ်/မဟုတ်နဲ့ မှော်မီးခုံဟောင်းများ ဖြစ်မယ်ဆိုရင် ထောက်ခံတင်ပြဖို့ လျှောက်ထားမြေနေရာဟာ လုပ်ကွက်အသစ်ဖြစ်ပါက သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်နိုင်တဲ့အတွက် ထောက်ခံခြင်းမပြုရန်ဆုံးဖြတ်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်နဲ့အညီ ရွှေသတ္တုလုပ်ကွက်များနဲ့ပတ်သက်ပြီး စိစစ်၍ သဘောထားမှတ်ချက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ဟုမ္မလင်းမြို့နယ်အတွင်းမှာ လက်ရှိတရားဝင်ရွှေမှော်ထုတ်လုပ်ဖို့အတွက် ခွင့်ပြုမိန့်ပေးထားတဲ့ကုမ္ပဏီ ၃၁ ခု၊ လုပ်ကွက် ၃၆ ကွက်ရှိကြောင်း သိရှိရပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် ရက်စွဲပါ ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၈ နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခာတ်သတ္တုအသေးစား သို့မဟုတ် လက်လုပ်လက်စားလုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဖွဲ့ဝင်ခုနစ်ဦး နဲ့လည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ အမိန့်စာအမှတ်၊ ၄၂/၂၀၁၈ နဲ့လည်း ဦးကျော်ကျော်အုန်း၊ ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒ လေ့လာရေးနဲ့ ခာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်တဲ့ အဖွဲ့ဝင်များနဲ့ ခာတ်သတ္တုအသေးစားလုပ်ကွက်ငယ်များနဲ့ လက်လုပ်လက်စားလုပ်ကွက်များ လုပ်ကိုင်ချထားပေးမယ့် လုပ်ကွက်ဧရိယာသတ်မှတ်နိုင်ဖို့အတွက် ကွင်းဆင်းတိုင်းတာရေးအဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါကွင်းဆင်းတိုင်းတာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး အကြမ်းဖျင်းဧရိယာပါရှိတဲ့ အစီရင်ခံစာတွေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို တင်ပြထားရှိပြီးဖြစ်ပါကြောင်းနှင့် အဆိုပါတင်ပြချက်အပေါ် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ အတည်ပြုဧရိယာ သတ်မှတ်ချက်ပြန်ကြားလာလို့ရှိရင် ၂၀၁၈ ခုနှစ်၊ သတ္တုတွင်းနည်းဥပဒေနဲ့အညီ လေးဧကရှိတဲ့ အသေးစားရွှေလုပ်ကွက်များ၊ တစ်ဧကရှိတဲ့ လက်လုပ် လက်စားရွှေလုပ်ကွက်များကို တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားရေးအဖွဲ့မှ လုပ်ကိုင်ခွင့်ချထား ပေးခြင်းဖြင့်လည်း တရားမဝင်ရွှေသတ္တုတူးဖော်မှုများ လျော့ကျသွားစေနိုင်မှာဖြစ်ပါတယ်။ ရွှေသတ္တုနဲ့

သယံဇာတ တရားမဝင်တူးဖော်ထုတ်လုပ်မှုများကို ထိရောက်စွာစိစစ်ကြပ်မတ်ဖမ်းဆီး အရေးယူနိုင်ဖို့ အတွက် ခရိုင်နဲ့မြို့နယ်အဆင့်ဆင့် ကြီးကြပ်မှုအဖွဲ့များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်နေ့မှာဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင်ဦးဆောင်တဲ့အဖွဲ့က ၂၀၁၈ ခုနှစ်၊ မေလ ၁၂ နေ့မှာ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်တဲ့အဖွဲ့နဲ့ ကောလင်း မြို့နယ်၊ ကြာအင်းကျေးရွာအနီး တရားမဝင်ရွှေသတ္တုတူးဖော်နေမှုများကိုလည်း ကိုယ်တိုင်ကွင်းဆင်း လေ့လာစိစစ်ဆောင်ရွက်ခဲ့ပါတယ်။ တရားမဝင်ရွှေမျှောများတူးဖော်မှု မပြုလုပ်စေရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် ထိန်းသိမ်းမရပါက သက်ဆိုင်ရာဌာနများသို့ သတင်းပို့ကြရန်ညွှန်ကြားခြင်း၊ တရားမဝင်ရွှေတူးဖော်မှု ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအခြေအနေများ၊ အရေးယူခံနိုင်သည့် မြန်မာ့သတ္တုတွင်း ဥပဒေနဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းထားရှိတဲ့ပြစ်မှု၊ ပြစ်ဒဏ်တွေ ကိုလည်း ဒေသခံပြည်သူများနားလည်သဘောပေါက်အောင် အသိပညာပေးစည်းရုံးဟောပြောခြင်း များကိုလည်း တိုးမြှင့်ဆောင်ရွက်စေလျက်ရှိပါတယ်။ တရားမဝင်ဓာတ်သတ္တုထုတ်လုပ်မှု လျော့နည်း ပပျောက်စေရေးရည်ရွယ်ပြီး ထိရောက်ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက်ကိုလည်း မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၃၀(က)မှာတော့ ထောင်ဒဏ် ခုနစ်အစား ၁၀ နှစ်ထိ တိုးမြှင့်ခဲ့သလို ငွေဒဏ် ၅၀၀၀၀ အစား သိန်း ၅၀ အထိလည်းကောင်း၊ ပုဒ်မ ၃၀(ခ)မှာတော့ အနည်းဆုံးထောင်ဒဏ် တစ်လမှ အများဆုံးထောင်ဒဏ်သုံးလအထိနဲ့ ငွေဒဏ်တစ်သိန်းအထိလည်းကောင်း၊ ပုဒ်မ ၃၁ မှာတော့ ငွေဒဏ် ၂၀၀၀၀ အစား ကျပ်သိန်း ၂၀ အထိလည်းကောင်း၊ ပုဒ်မ ၃၂ မှာတော့ ငွေဒဏ် ၁၀၀၀၀ အစား ကျပ် ၁၀ သိန်းထိလည်းကောင်း၊ ပုဒ်မ ၃၃ မှာတော့ ငွေဒဏ် ၅၀၀၀၀ အစား ၅ သိန်းအထိလည်းကောင်း၊ ထောင်ဒဏ်နဲ့ငွေဒဏ်များကိုလည်း တိုးမြှင့်ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ပါ တယ်။ သို့ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းမှာရှိတဲ့ ချောင်းကြီးချောင်းနဲ့ နက်နန်းချောင်းအတွင်းမှာ တရားမဝင်ရွှေမျှောမရှိစေရေးအတွက်ကို မြန်မာ့သတ္တုတွင်းနည်းဥပဒေနဲ့အညီ တိုင်းဒေသကြီး/ ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့မှ ရွှေလုပ်ကွက်များနဲ့စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်လျက်ရှိ ပါကြောင်းနှင့် တရားမဝင်ရွှေမျှောလုပ်ကိုင်သူများကို ဥပဒေနဲ့အညီအရေးယူဆောင်ရွက်လျက် ရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျောက်တော်မြို့အရှေ့ဘက် ဒေါင်းတောင်ယိုးကျေးရွာအနီးရှိ သမိုင်းဝင်တောင်ပေါက်ကြီး တောင်တန်းများ ဖြိုချနေသည့်ကိစ္စအား ပြန်လည်သုံးသပ်ပြီး တားမြစ်ပေးနိုင်ခြင်းရှိ/မရှိ၊ ရထားလမ်း စီမံကိန်းရပ်ဆိုင်းပြီးနောက်ပိုင်း တူးဖော်ရောင်းချနေမှုများသည် ဥပဒေနှင့်အညီ သက်ဆိုင်ရာမှ လုပ်ပိုင်ခွင့်ချပေးထားခြင်းဟုတ်/မဟုတ်နှင့် ၂၀၁၀ ခုနှစ်မှစကာ စဉ်ဆက်မပြတ် တူးဖော်ရောင်းချငွေ များအား နိုင်ငံတော်နှင့်ပြည်သူအတွက် မည်သို့မည်ပုံ အသုံးချနေကြကြောင်းကို ပွင့်လင်းမြင်သာအောင် ချပြနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ သာလီစွပါ။ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းဖြစ်ပါတယ်။ ကျောက်တော်မြို့ရဲ့အရှေ့ဘက် နှစ်မိုင်ကျော်အကွာမှာ တောင်ပေါက်ကြီးတောင်တန်းဆိုတာရှိပါတယ်။ အဲဒီတောင်ဟာ အင်္ဂလိပ်လက်ထက်တုန်းက Burmese အက္ခရာနှင့် ရေးထိုးထားတဲ့ ကျောက်စာတစ်ချပ်ကြောင့် ဒီနေ့ ရခိုင်စာပေယဉ်ကျေးမှုနယ်ပယ်တွေထဲမှာ လူတွေစိတ်ဝင်စားတဲ့ ထင်ရှားတဲ့တောင်တစ်တောင်ဖြစ်ပါတယ်။ အဲဒီတောင်ကို ၂၀၀၉ ခုနှစ်မှာ မင်းဘူး-စစ်တွေရထားလမ်းစီမံကိန်းစလုပ်တဲ့အခါမှာ အဲဒီတောင်ကို စဖောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရခိုင်သမိုင်းနှင့်ဆက်စပ်တဲ့ တန်ဖိုးရှိတဲ့တောင်တစ်တောင်ကို ဖြိုဖျက်တဲ့အခါမှာ ဖွံ့ဖြိုးရေးကို လိုချင်တောင့်တတဲ့ ကျွန်တော်တို့ဒေသခံတွေက စိတ်မကောင်းဖြစ်ရုံကလွဲပြီး တစ်စုံတစ်ရာစောဒကတက်တာ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီရထားလမ်းစီမံကိန်းဟာ အကြောင်းအမျိုးမျိုးနှင့် ရပ်ဆိုင်းသွားပြီဖြစ်ပါတယ်။ ဒါပေမဲ့ ရထားလမ်းစီမံကိန်းရပ်ဆိုင်းသွားပြီဖြစ်ပေမဲ့ အဲဒီတောင်ကို ဖြိုနေတဲ့လုပ်ငန်းတွေကတော့ အခုချိန်ထိ ကျွန်တော်တို့ ဆက်လက်ရှိနေဆဲပဲဖြစ်ပါတယ်။ တောင်က သက်ရင့်ကျောက်တွေထွက်တဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အသုံးဝင်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ကျောက်ကျင်းတစ်ကျင်းကို ၃၅၀၀၀ ခွဲအထိပေးဝယ်ရတာ ရှိပါတယ်။ အခုအချိန်အထိ ဒီတောင်ဖြိုနေတဲ့အပေါ်မှာ ကျွန်တော်တို့ဒေသခံတွေက တော်တော်ကို စိတ်မချမ်းမသာဖြစ်နေရပါတယ်။ ဒါလေးတွေကို ကျွန်တော်တို့ ရပ်ဆိုင်းလို့ရအောင် မြို့နယ်မှာ ဌာနဆိုင်ရာတွေနဲ့ အစည်းအဝေးလုပ်တဲ့အခါမှာလည်း အကြိမ်ကြိမ် ကျွန်တော် တိုက်တွန်းဖူးပါတယ်။ ဒါပေမဲ့ ဒါတွေကို အောက်ခြေမှာ ရှင်းရတာ အထမမြောက်တဲ့အတွက် လွှတ်တော်မှာ မေးခွန်းမေးဖို့ ဖြစ်လာတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေသိချင်တဲ့မေးခွန်းတွေကတော့ ဒီတောင်ဖြိုဖျက်နေတာကို ရပ်ဆိုင်းပေးဖို့ရယ်၊ ပြီးတော့ ဘယ်လိုပုံစံမျိုးနဲ့ ဒီတောင်ဖြိုမယ့် ဒီလုပ်ငန်းစဉ်ကို ဘယ်လိုပုံစံမျိုးနဲ့ ချပေးထားတယ်ဆိုတာရယ်၊ ပြီးတော့ ၂၀၀၉ ခုနှစ်ကနေ ဒီနေ့အချိန်အထိ ကျွန်တော်တို့ မေးခွန်းမေးတဲ့အချိန်မှာ မေးခွန်းတင်တဲ့အချိန်မှာတော့ ဒီလုပ်ငန်း လောလောဆယ်ရပ်ဆိုင်းထားတာ ရှိပါတယ်။ ၂၀၁၇ ခုနှစ် နောက်ဆုံးလအထိ ကျွန်တော်တို့ တူးဖော်ရေးလုပ်တဲ့ လေး၊ ငါး၊ ခြောက်နှစ်အတွင်းမှာ တစ်ရက်မှာ ကျောက်ကျင်းပေါင်း ၁၀၊ ၂၀ ထွက်တယ်လို့ ကျွန်တော်တို့ ဒီလုပ်တဲ့ လူကိုယ်တိုင်ပြောထားတာတွေ ရှိပါတယ်။ ဒီလောက်များပြားတဲ့ ငွေကြေးပမာဏတွေကို ဘယ်လိုပုံစံမျိုးအသုံးချနေတယ်၊ ဘယ်လိုစီမံခန့်ခွဲနေတယ်ဆိုတာကိုလည်း ပြည်သူတွေက သိချင်ပါတယ်။

ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဒီမေးခွန်းကို ကျွန်တော် လေးလေးစားစားမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ကျောက်တော်မြို့နယ်ရှိ တောင်ပေါက်ကြီးတောင်တန်းဟာ လမ်းမတော်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၈၈-ခ) စားကျက်တောင်ကွင်းအတွင်းမှာတည်ရှိပြီး မြေအမျိုးအစားမှာ စားကျက်မြေအမျိုးအစားဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ တောင်ပေါက်ကြီးတောင်တန်းအတွင်းမှာ ၂၀၀၃ ခုနှစ်မှာ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးဖို့အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျောက်တော်မြို့နယ် ဌာနဆိုင်ရာတွေကို မြေဧရိယာ ၂၀ ဧက၊ ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့ကို မြေဧရိယာ ၁၀ ဧက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ထို့ကြောင့် မြေဧရိယာ ၂၀ ဧကပေါ်မှာ ဌာနဆိုင်ရာများ ကျွန်းစိုက်ခင်းများ သတ်မှတ်စိုက်ပျိုးခဲ့ပြီး ကျောက်တော်မြို့နယ်ရဲတပ်ဖွဲ့ကတော့ မြေဧရိယာ ၁၀ ဧကအနက်မှာ သုံးဧကကိုပဲ နှစ်ရှည်ရာဘာပင်များ စိုက်ပျိုးပြီး ကျန်မြေဧရိယာ ခုနှစ်ဧကကတော့ မြေလွတ်အဖြစ်သာ ကျန်ရှိကြောင်း သိရှိရပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ် မြန်မာ့မီးရထားလုပ်ငန်းက ရထားလမ်းဖောက်လုပ်တဲ့နေရာမှာ တောင်ပေါက်ကြီးတောင်တန်းပါဝင်နေတဲ့အတွက် အဆိုပါတောင်ပေါက်ကြီးတောင်တန်းရဲ့ ရထားလမ်းနေရာကို တောင်ဖြိုမြေသားတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်နေစဉ် ဂဝံကျောက် (ဒေသခေါ်ကျောက်မဲကျောက်)များတွေ့ရှိတဲ့အတွက် ရထားလမ်း စီမံကိန်းအတွက် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာ့မီးရထားမှ Steel Stone ကုမ္ပဏီကို ငှားရမ်းလုပ်ကိုင်စေခဲ့ပြီး Steel Stone ကုမ္ပဏီက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ဒေသခံပုဂ္ဂိုလ်တစ်ဦးကို ထပ်မံငှားရမ်းလုပ်ကိုင်စေခဲ့ပါတယ်။

ထိုသို့ ရထားလမ်းစီမံကိန်းများ ဆောင်ရွက်နေစဉ် ကျောက်တော်-မြောက်ဦးရထားလမ်းပိုင်းဖောက်လုပ်ရာမှာ ဓညဝတီမြို့ဟောင်းနှင့် မြောက်ဦးရှေးဟောင်းနယ်မြေတို့ကို ဖြတ်သန်းသွားရတဲ့အတွက် ဒေသခံပြည်သူများရဲ့ကန့်ကွက်မှုကြောင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ စီမံကိန်းကို ရပ်ဆိုင်းခဲ့ကြောင်းလည်း သိရှိရပါတယ်။ စီမံကိန်းရပ်ဆိုင်းခဲ့ပေမဲ့လည်း ကျောက်ထုတ်လုပ်ငန်း ဆက်လက်လုပ်ကိုင်နေတဲ့အတွက် တောင်ပေါက်ကြီးတောင်တန်းအတွင်းမှာ ဂဝံကျောက်များ ထုတ်ယူသုံးစွဲနေမှုနှင့်ပတ်သက်ပြီး ကျောက်ထုတ်လုပ်သူနှင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ကို ကျောက်တော်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမှာ ၃-၁၂-၂၀၁၇ ရက်နေ့မှာ ကျောက်ထုတ်လုပ်ခြင်းနှင့် မြေသားတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ခေါ်ယူသတိပေးပြီး တားမြစ်ခဲ့ပြီးဖြစ်တဲ့အတွက် လုပ်ငန်းများလည်း ရပ်ဆိုင်းသွားကြောင်း သိရှိရပါတယ်။ ရထားလမ်းစီမံကိန်းရပ်ဆိုင်း

ခဲ့ပေမဲ့လည်း ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့မှ နှစ်ရှည်သီးနှံစိုက်ပျိုးရန်အတွက် ခွင့်ပြုချက်ရရှိထားတဲ့မြေဧရိယာ ၁၀ ဧကနှင့် ကျန်တဲ့မြေဧရိယာ ခုနှစ်ဧကမှာ ကျောက်ထုတ်လုပ်ခြင်းများ ဆက်လက်လုပ်ကိုင်နေမှုနှင့်ပတ်သက်ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်အရ ယခင် ကျောက်တော်မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်ခဲ့သူ ၎င်းထံမှ ခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကျောက်ထုတ်လုပ်ခွင့်ရသူမှ ကျောက်တော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအဝင်လမ်းနှင့် ကွန်ကရစ်တံတားပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိပါတယ်။ ဒီလိုတွေ့ရှိချက်အရ အဆိုပါကာလမှာ ကျောက်တော်မြို့နယ် ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်ခဲ့တဲ့ ရဲမှူးတစ်ဦးကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ အငြိမ်းစား နုတ်ထွက်သွားပြီဖြစ်ပါတယ်။

သို့ပါ၍ ရထားလမ်းစီမံကိန်းရပ်ဆိုင်းထားပြီးတဲ့နောက်မှာ တူးဖော်ရောင်းချနေမှုတွေဟာ ဥပဒေနှင့်အညီ သက်ဆိုင်ရာမှ လုပ်ပိုင်ခွင့်ချထားပေးခဲ့ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ဘဏ္ဍာအဖြစ် ရရှိခဲ့ခြင်းမရှိပါကြောင်း တောင်ပေါက်ကြီးတောင်တန်းအတွင်း ကျောက်ထုတ်လုပ်မှုများကို ကျောက်ထုတ်လုပ်ခြင်းနှင့် မြေသားတူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ခေါ်ယူသတိပေးတားမြစ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါတောင်ပေါက်ကြီးတောင်တန်းဟာ စားကျက်မြေအမျိုးအစားဖြစ်တဲ့အတွက် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ကစပြီး မူလစားကျက်မြေအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**သန်လျင်-ရန်ကုန် အမှတ်(၁)တံတားပိတ်ဆို့မှုကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်အတွက် တံတားတစ်ဖက်ရှိ ကရိန်းကားတစ်စီးစီနှင့် ယာဉ်ထိန်းရဲတစ်ဦးစီကို အဆင်သင့်ထားရှိပြီး ပြည်သူများနေ့စဉ် ကြုံတွေ့နေရသောအခက်အခဲကိုဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ သန်လျင်-ရန်ကုန်တံတားအမှတ်(၁)ပိတ်ဆို့မှုနှင့်ပတ်သက်ပြီးတော့ ပြည်သူများကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သန်လျင်-ရန်ကုန်အမှတ်(၁)တံတားဟာ ၁၉၉၃ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့တံတားပါ။ ဒီတံတားဟာ တစ်လမ်းမောင်းဖြစ်ပြီးတော့ တစ်စီးပဲသွားလို့ရတဲ့တံတားဖြစ်ပါတယ်။ ဒီတံတားကြောင့်မို့လို့ပဲ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသတွေဟာ ဖွံ့ဖြိုးခဲ့တာဖြစ်ပါတယ်။ ထို့အတူတူပဲ ဒီတံတားပြီးတဲ့နောက်ပိုင်းမှာ သန်လျင်မှာဆိုရင် သီလဝါဆိပ်ကမ်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ရေကြောင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်ဆိုပြီးတော့ တက္ကသိုလ်ပေါင်းများစွာနဲ့ သန်လျင်ဟာနာမည်ကြီးခဲ့သလိုပဲ အခုကျတော့ ဒီတံတားပိတ်ဆို့မှုကြောင့် သန်လျင်ဟာ အင်မတန်ကျော်တဲ့မြို့ဖြစ်နေပါတယ်။ ဒီတံတားပိတ်ဆို့တာနဲ့

ပတ်သက်ပြီးတော့ အဓိကဘာကြောင့်ပိတ်ဆို့ရလဲဆိုရင် အကြောင်းအရင်းသုံးခုရှိပါတယ်။ တစ်ခုကတော့ တစ်လမ်းမောင်းတစ်စီးပဲသွားလို့ရတဲ့အတွက် တံတားပေါ်မှာတစ်စီးပျက်တာနဲ့ နောက်အစီးတွေ အကုန်ပိတ်သွားပါတယ်။ ဘယ်လိုမှကိုရှောင်လို့မရပါဘူး။ ကားအသေးလေးတွေပိတ်တယ်ဆိုရင် ရပ်နားတဲ့နေရာလေးမှာ ဘေးကပ်ပြီးတော့ ရှောင်လို့ရပေမဲ့ ဥပမာ-(၃၁)တို့လို့ဘတ်(စ်)ကားတွေ ပိတ်တယ်ဆိုရင် ဘယ်လိုမှရှောင်လို့မရပါဘူး။ အဲဒီလိုရှောင်လို့မရတဲ့အခါကျတော့ ဘာဖြစ်လည်းဆိုရင် အနည်းဆုံးပိတ်လိုက်တဲ့အချိန် ကားကတံတားပေါ်မှာ နာရီဝက်လောက်ပဲပျက်မယ်။ ကားအတန်းကအစီးရာချီသွားတာ။ အဲဒီတော့ လူတွေက အနည်းဆုံးတစ်နာရီ၊ နှစ်နာရီလောက်စောင့်ရပါတယ်။ ဒါကို အရင်တုန်းက ဘယ်လိုစီမံခန့်ခွဲလည်းဆိုလို့ရှိရင် အောင်နိုင်သူကုမ္ပဏီက တံတားကိုယူထားတဲ့အချိန်တုန်းကတော့ တံတားအောက်မှာ ဆွဲကား၊ ကရိန်းကားအဆင်သင့်စောင့်ပြီးတော့ ဖြေရှင်းပါတယ်။ အခုကျတော့ အဲဒီဆွဲကား၊ ကရိန်းကားက အောင်နိုင်သူကလည်း အစိုးရကိုပြန်အပ်လိုက်တယ်။ တံတားကြေးကောက်ခံခြင်းမရှိတော့ဘူး။ အဲဒီအတွက်တော့ ပြည်သူလူထုကတော်တော်ကျေနပ်ပါတယ်။ ဒါပေမဲ့ ပြဿနာက ဆွဲကားကအဆင်သင့်မရှိတဲ့အခါကျတော့ တံတားပေါ်ကားပျက်ပြီဆိုတာနဲ့ ဆွဲကားလာတဲ့အထိစောင့်ရတဲ့ပြဿနာပါ။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့စဉ်းစားတဲ့အဖြေကကျတော့ အရင်လိုပဲ တံတားမှာ ဟိုဘက်ထိပ်တစ်စီး၊ ဒီဘက်ထိပ်တစ်စီး ဆွဲကားထားပေးမယ်ဆိုရင် အဆင်ပြေပါတယ်။ အဲဒီတော့ ဆွဲကားထားခက ဘယ်လောက်လောက်ကျနိုင်လဲဆိုရင် အရင်တုန်းက ခြောက်သိန်း၊ အခုကျွန်တော်တို့လုပ်မယ်ဆိုရင် ထားပါတော့ ၁၀ သိန်းဆိုရင် တစ်လကို သိန်း ၂၀ လောက်တော့ရှိပါတယ်။ ဒါပေမဲ့ ဒီတံတားပိတ်ဆို့တဲ့အတွက်ကြောင့်မို့လို့ ခံစားရတဲ့ပြည်သူလူထုရဲ့ဒုက္ခနဲ့နှိုင်းယှဉ်လိုက်လို့ရှိရင် ဒီသိန်း ၂၀ ဆိုတာဘာမှသိပ်ပြီးတော့အရေးမကြီးပါဘူး။ သုံးစွဲမှုကလည်းအင်မတန်ထိရောက်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဆီကလူတွေက ဘယ်လိုဖြစ်နေလဲဆိုတော့ အလုပ်သွားလျှောက်ရင်တောင်မှပဲ သန်လျင်ကလားလို့အမေးခံရတဲ့အဆင့်ဖြစ်နေတဲ့အနေအထားမျိုးဖြစ်နေပါတယ်။ နောက်တစ်ခုပိတ်ဆို့မှုကဘာလည်းဆိုလို့ရှိရင် တံတားအတက်ပါ။ ချဉ်းကပ်လမ်းမှာ နှစ်စီးတက်လာတယ်။ တံတားပေါ်တက်တဲ့အခါကျတော့ တစ်စီးပဲတက်ရတဲ့အတွက်၊ အဲဒီနားမှာလုနေတဲ့အတွက် ပိတ်ပါတယ်။ ဒါကနေ့စဉ်သာမန်ပိတ်တဲ့ပုံစံပါ။ အဲဒီအတွက် ကျွန်တော်မေးခွန်းမေးပြီးတဲ့အချိန်မှာတော့ ရဲဝန်ထမ်းအစောင့်ကိုတွေ့ပါတယ်။ ရဲဝန်ထမ်းကလည်း အောက်မှာပဲထိုင်စောင့်တယ်။ တံတားအပေါ်မှာကားပျက်တော့မှတက်ရှင်းပါတယ်။ တကယ်တော့ကျွန်တော်ဖြစ်စေချင်တာက အဲဒီနှစ်လမ်းလုတက်နေတဲ့နေရာမှာ Rush Hour တွေမှာ ရဲကနေပြီးတော့ တစ်ဖက်ချင်းလေးစီကို ဖွင့်ပေးနေမယ်ဆိုရင် အဲဒီဥစ္စာက ကျွန်တော်တို့မြို့အတွက် အဆင်ပြေနိုင်ပါတယ်။ နောက်တစ်ခုကကျတော့ Star City ကထွက်တဲ့ကားတွေ။ Star City ကထွက်တဲ့ကားတွေက ရန်ကုန်ဘက်ကိုသွားမယ်ဆိုရင် တည့်သွားလို့မရတဲ့အတွက်ကြောင့် သန်လျင်ဘက်ကိုမောင်း၊ တစ်ခါ သန်လျင်ဘက်ကိုမောင်းပြီးမှ "ဂ"ကွေ့ပြန်ပေး။ အဲဒီကွေ့တဲ့နေရာမှာ အကုန်ပိတ်တာပဲ။ အရင်တုန်းကကျတော့ တံတားက တည့်တက်လို့ရအောင် ဖွင့်ပေးထားတယ်။ အခုပြီးခဲ့တဲ့လက တက္ကသိုလ်စာမေးပွဲဖြေတဲ့အချိန်မှာ တံတားပိတ်သွားတဲ့အတွက်ကြောင့်မို့လို့ တက္ကသိုလ်ကျောင်းသားတွေ စာမေးပွဲအချိန် တစ်နာရီလောက်နောက်ကျသွားတယ်။ အဲဒီလိုပြဿနာမျိုးတွေဖြစ်မယ်ဆိုရင် ဒီဟာက အင်မတန်ကြီးမားတဲ့ပြဿနာပါ။ ဒါကြောင့်မို့လို့ အဲဒီ Star City ကနေပြီးတော့

ဖြတ်ထွက်တဲ့လမ်းဟာ အခု Block တုံးတွေပိတ်ထားပါတယ်။ အဲဒီဥစ္စာကို ဖြုတ်နိုင်မယ်ဆိုရင် “ဂ”ကွေ့ ကွေ့လို့ပိတ်တဲ့ကိစ္စကိုလည်း ကျွန်တော်တို့ ဖြေရှင်းပြီးသားဖြစ်သွားပါတယ်။

ဒါကြောင့်မို့လို့ လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းချင်တာက ကျွန်တော်တို့က ဒီတံတားအတွက်အဖြေက နောက်ထပ်တံတားတစ်စီးလည်း JICA ကဆောက်ပါမယ်။ ဒါပေမဲ့ လေးနှစ်လောက်ကျွန်တော်တို့စောင့်ရမယ်။ အဲဒီအတွင်းမှာ ဒီနေ့စဉ်ပိတ်ဆို့နေတဲ့ကိစ္စဟာ အစိုးရအတွက် စီမံခန့်ခွဲမှုပါ။ ကျွန်တော်တို့ပြည်သူလူထုကလည်း ဒီပိတ်ဆို့တဲ့ကိစ္စဟာ ရေတိုဖြေရှင်းလို့မရဘူးဆိုတာလက်ခံပါတယ်။ ဒါပေမဲ့စောစောကပြောသလိုပဲ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဟိုဘက်မှာ ကရိန်းတစ်စီး၊ ဒီဘက်မှာကရိန်းတစ်စီးထားမယ်။ ရဲကပုံမှန်ရှင်းပေးမယ်ဆိုရင် ကျွန်တော်တို့အစိုးရဟာ ပြည်သူကို Care လုပ်တယ်၊ ဂရုစိုက်တယ်ဆိုတာကို ပေါ်လွင်မှာပါ။ ဒါကြောင့်မို့လို့ စောစောက ကျွန်တော်တင်ပြခဲ့သလိုပဲ ကရိန်းကားနှစ်စီး ဟိုဘက်တစ်စီး၊ ဒီဘက်တစ်စီးထားပေးနိုင်ခြင်းရှိ/မရှိ၊ ပြီးတော့ ရဲကလည်း အခုအောက်မှာတော့ထိုင်နေတယ်။ Rush Hour မှာ သေသေချာချာကို ယာဉ်ကြောကျပ်တဲ့အချိန်မှာ ရှင်းပေးစေချင်ပါတယ်။ နောက်ပြီးတော့ Star City ကပိတ်ထားတဲ့ Block တုံးတွေကို ဖြေရှင်းပေးနိုင်ခြင်းရှိ/မရှိ ဒါကို လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် သန်လျင်မြို့နယ် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် မေးမြန်းတဲ့မေးခွန်းအပေါ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ပေါင်းစပ်ဖြေကြားချက်နှင့်အညီ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ရန်ကုန်-သန်လျင်အမှတ်(၁)တံတားကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှာစတင်ဖွင့်လှစ်ခဲ့ပြီးတော့ အရှည်ကတော့ ၅၉၇၇ မိုင်ရှည်လျားပါတယ်။ တံတားအလယ်ဗဟိုမှာ ရထားလမ်းရှိပြီး ရထားလမ်းရဲ့ဝဲ/ယာမှာ တစ်လမ်းသွားကားလမ်းများရှိတဲ့တံတားကြီးဖြစ်ပါတယ်။ တံတားပေါ်မှာမော်တော်ယာဉ်တွေ စက်ချို့ယွင်းလို့ရှိရင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှာရှိတဲ့ တပ်ဖွဲ့ဝင်တွေဟာ ကားလမ်းရဲ့ယာဘက်မှာရှိတဲ့ ကားပါကင်နေရာသို့ ယာဉ်ကိုရွှေ့ပြီးယာဉ်ကြောကျပ်တည်းမှုမရှိစေရေး ယာဉ်လမ်းရှင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒို့အပြင် သန်လျင်တံတားအနီး ပုဂ္ဂလိက ကရိန်းဝန်ဆောင်မှုလုပ်ငန်းရှိတဲ့ကရိန်းယာဉ်များနဲ့ စက်ပျက်တဲ့ယာဉ်တွေကို ဖယ်ရှားပေးလျက်ရှိပါတယ်။ ဖယ်ရှားရန်ကြာမြင့်ပါက ယာဉ်ကြောကျပ်တည်းမှုပိုမိုမဖြစ်လာစေရေးအတွက်ကိုလည်း ရှုခင်းသာလမ်းမှ နဝရတ်လမ်းသွယ်သို့ ညာဘက်ကိုချိုးကွေ့ပြီး ရတနာလမ်းအတိုင်း ပဲခူးမြစ်လမ်းမှာ သန်လျင်အမှတ်(၂)တံတားကိုဖြတ်သွားပြီး လမ်းလွှဲသွားနိုင်ရေးအတွက်ကိုလည်း ယာဉ်တန်းရှင်းလင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒို့အပြင် သန်လျင်မြို့နယ်ဘက်ခြမ်းမှာ အမှတ်(၆၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်တစ်ဦးကို မီးတန်းဆိုင်ကယ်နဲ့ နေ့စဉ်အသင့်ချထားပေးလျက်ရှိပါတယ်။ တံတားပေါ်မှာ ယာဉ်ကြောကျပ်တည်းမှုရှိလို့ရှိလျှင် ကျိုက်ခေါက်ဘုရားလမ်းနှင့် ဗိုလ်ချုပ်နေဝင်းလမ်းဆုံ၊ အောင်သုခမီးပွိုင့်တို့မှာ တာဝန်ချထား

မူကြမ်း

တဲ့ တပ်ဖွဲ့ဝင်နှစ်ဦးနဲ့ထပ်မံပူးပေါင်းပြီး ယာဉ်တန်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သာကေတမြို့နယ်ဘက်ခြမ်းမှာ အမှတ်(၃၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သန်လျင်တံတားအဆင်းမီးပွိုင့်မှာ တပ်ဖွဲ့ဝင်နှစ်ဦးကို နေ့စဉ် တာဝန်ချထားပေးလျက်ရှိပါတယ်။ တံတားပေါ်မှာယာဉ်ကြောကျပ်တည်းမှုရှိပါက တပ်ဖွဲ့ဝင်သုံးဦးမှ မီးတန်းယာဉ်တစ်စီးနဲ့ပူးပေါင်းပြီး ယာဉ်လမ်းရှင်းလင်းရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရေးကြီးပုဂ္ဂိုလ်လမ်းကြောင်းများ၊ နိုင်ငံခြားဧည့်သည်တော်များ၊ အခါကြီးရက်ကြီးများ၊ တက္ကသိုလ်ဝင်စာမေးပွဲများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲများရှိတဲ့အခါမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနကနေ ကရိန်းတစ်စီးကို အသင့်ချထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ရန်ကုန်-သန်လျင်အမှတ်(၁)တံတားယာဉ်ကြောကျပ်တည်းမှု ကို ဖြေရှင်းနိုင်ဖို့အတွက် တံတားအနီးမှာရှိတဲ့ ပုဂ္ဂလိက ကရိန်းဝန်ဆောင်မှုလုပ်ငန်းမှ ကရိန်းကားများဖြင့် ငှားရမ်းဆောင်ရွက်ပေးလျက်ရှိပြီး အခါကြီးရက်ကြီးတွေမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကရိန်းယာဉ်အသင့်ထားရှိပေးလျက်ရှိခြင်း၊ တံတားပေါ်မှာ မော်တော်ယာဉ်များ စက်ပျက်ပါက ကရိန်းယာဉ်ဖြင့် ယာဉ်လမ်းရှင်းပေးခြင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တံတားရဲ့တစ်ဖက်တစ်ချက်စီမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့များကို နေ့စဉ်တာဝန်ချထားပြီး ယာဉ်လမ်းရှင်းလင်းရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးချင်ပါတယ်။ ကျွန်တော်တို့က အရင်အောင်နိုင်သူကုမ္ပဏီတုန်းက တစ်လကို ခြောက်သိန်းနဲ့ အဆင်သင့်ထားတာ။ အခုဟာက တံတားပေါ်မှာပျက်မှ ကရိန်းကားဖုန်းဆက်ပြီးခေါ်လို့ရတာ။ အဲဒီကြန့်ကြာသွားတဲ့ ကြန့်ကြာမှုက ကားရာချီပြီးစောင့်ရတာ။ ကျွန်တော့်အတွက်ပြောရရင်တော့ ကျွန်တော့်မြို့မှာရှိနေတဲ့ ပြည်သူတွေက အရေးကြီးပုဂ္ဂိုလ်ပဲ။ ဘာကြောင့်လည်းဆိုရင် ဒီပြဿနာက နေ့စဉ်ရှင်းနေရတဲ့ပြဿနာ။ ကျွန်တော်မေးတဲ့မေးခွန်းက နောက်ပြီးတော့ အောင်နိုင်သူကုမ္ပဏီကနေဖျက်သိမ်းပြီးတော့ အစိုးရကိုလွှဲတဲ့အချိန် အဲဒီအောင်နိုင်သူကုမ္ပဏီငှားခဲ့တဲ့ ကိုထွန်းဝင်းဆိုတဲ့လူက ခြောက်လဆက်လုပ်ပေးတယ်။ ဒါပေမဲ့ အဲဒီလူ ခုထိလခမရဘူး။ အဆင်သင့်စောင့်ပေးထားတာ တံတားအောက်မှာ။ အခုကျတော့ အဲဒီလို ကရိန်းကအဆင်သင့်စောင့်ထားတာမရှိတော့တဲ့အတွက် ဖြစ်မှဖုန်းဆက်ခေါ်။ ဖြစ်မှဖုန်းဆက်ခေါ်ဆိုတဲ့ဟာက အဓိကနောက်ကျမယ်။ စောစောကကျွန်တော်ဆွေးနွေးတဲ့ထဲမှာ ယာဉ်ထိန်းရဲကလည်း အောက်မှာထိုင်နေလို့မရဘူး။ မနက်ပိုင်း Rush Hour ကြပ်တဲ့အခါမှာ တစ်လမ်းချင်းစီကို သေသေချာချာကြပ်မတ်ပြီး လုပ်ပေးဖို့လိုပါတယ်။ အဲဒီလိုမဟုတ်ရင်တော့ ဒီနေ့ နေ့စဉ်ကြုံနေတဲ့ပြဿနာ။ အခုဝန်ကြီးဖြေပေးတာလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အဲဒါက နေ့စဉ်မှာဖြေရှင်းနေတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်ဆက်ပြီးမေးချင်တာက ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးရေးဆွဲတဲ့ ကော်မတီအစည်းအဝေးတုန်းကလည်း ဟိုဘက်အတွက် ဆွဲကား သိန်း ၁၀၀၀၊ ဒီဘက်အတွက်ဆွဲကား သိန်း ၁၀၀၀ ဆိုပြီးတော့ ဘဏ္ဍာရေးမှာတင်ထားတာလည်း ရှိပါတယ်။ အဲဒါကြောင့်မို့လို့ တစ်ဆက်တစ်စပ်တည်း သေချာအောင်ထပ်မေးချင်တာက ဟိုဘက်တစ်စီး ဒီဘက်တစ်စီးအဆင်သင့်ထား

ဖြေရှင်းမှသာလျှင် ဒီလိုနေ့စဉ်ကြုံတဲ့ပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်တဲ့အတွက် အဲဒီလိုထားပြီး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ကျွန်တော်သေသေချာချာသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပေးနိုင်က ဖြေကြားပါရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနှင့်ဆက်စပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့တာဝန်ပေးချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားခြင်းဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ သန်လျင်ဘက်ခြမ်းမှာ ယာဉ်ထိန်း(၈)ဦး၊ သာကေတဘက်ခြမ်းမှာ ယာဉ်ထိန်း(၈)ဦးထိ တိုးမြှင့်ထားပါတယ်။ ဒါ့အပြင် ကျွန်တော်တင်ပြခဲ့သလိုပဲ တံတားအလယ်မှာထားရှိဖို့မှာ ကန့်သတ်ချက်ရှိတဲ့အတွက် တံတားရဲ့တစ်ဖက်တစ်ချက်စီမှာ မီးတန်းယာဉ်တစ်စီးနဲ့ မီးတန်းဆိုင်ကယ်ပေးထားပါတယ်။ အလယ်မှာဖြစ်တာနဲ့ချက်ချင်းအမြန်ဆုံးသွားရောက်ဖြေရှင်းနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်က တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းထဲမှာပါသလိုပဲ ယခင်က တံတားခတွေကို ကောက်ခံခဲ့ပြီး ဒီပေါ်ကရရှိတဲ့အခွန်အခတွေနဲ့တံတားနဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ဆောင်ရွက်ခဲ့သော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရရဲ့မူဝါဒနှင့်အညီ ပြည်သူ့ထံမှကောက်ခံတဲ့ငွေကြေးတွေကိုဖြေလျှော့ဖို့အတွက်ဆိုတဲ့မူဝါဒနဲ့ ဖြေလျှော့ခဲ့တာဖြစ်ပါတယ်။ အလားတူပဲ ဒီကရိန်းလုပ်ငန်းနဲ့ပတ်သက်လို့လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့လမ်းညွှန်ချက်နဲ့ပဲ ဒီလုပ်ငန်းစဉ်ကို ရပ်ခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီတံတားအပါအဝင် တံတားတွေအားလုံးအတွက် သူတို့မှာရှိတဲ့စက်ယန္တရားတွေကို လှည့်လည်ပြီး အရေးပေါ်ဖြစ်တဲ့အချိန်ကျမှသာ ကျွန်တော်တို့ဆီကိုတွဲဖက်ပေးတဲ့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့တွေဟာ ရရှိတဲ့ကရိန်းကားတွေနဲ့ပေါင်းစပ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော် ခုနက တင်ပြခဲ့သလိုပဲ လက်ရှိတံတားနှစ်စင်းရှိတဲ့အတွက် ဒီအပေါ်မှာ၊ တံတားပေါ်မှာ တစ်စုံတစ်ရာရပ်တန့်မှုဖြစ်သွားတာမျိုး ကျန်တဲ့ယာဉ်တွေကို ယခင်လိုအုပ်စုလိုက်ရပ်တန့်မှုမရှိစေရေးအတွက်ကို လမ်းလွှဲတဲ့စနစ်ကို မြေပြင်မှာ Survey လုပ်ထားပြီးဖြစ်ပါတယ်။ အဲဒီလမ်းလွှဲတဲ့စနစ်နဲ့ အမှတ်(၂)တံတားကနေ လှည့်လည်ပြီးသွားလာနိုင်အောင်လည်း ယာဉ်ထိန်းတဲ့စနစ်ကို ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပေါင်းစပ်ဖြေကြားချက်အရ ကရိန်းကားတစ်ဖက်တစ်စီးစီချထားပေးဖို့ အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာလိုက ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေးအထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေးအထူးနှစ် သတ်မှတ်ခြင်းများဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမြင့်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုတစ်ရပ်တင်သွင်းသွားလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွားလုပ်ငန်းကို ကမ္ဘာ့အကြီးဆုံးနဲ့ အဆက်မပြတ်အလျင်အမြန်ဖွံ့ဖြိုးလာနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အသိအမှတ်ပြုလာနေကြပြီဖြစ်ပါတယ်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့အဆိုအရ ခရီးသွားလုပ်ငန်းက အလုပ်အကိုင်ဖန်တီးပေးနိုင်မှုဟာ ကမ္ဘာ့အလုပ်အကိုင်များရဲ့ ၁၁ ပုံ ၁ ပုံရှိကြောင်းသိရပါတယ်။ ၂၀၁၆ ခုနှစ်မှာ ကမ္ဘာတစ်ဝှမ်းခရီးသွားသူ ၁၂၃၅ သန်းရှိပြီးတော့ ယခင်နှစ်ကထက် ၄၆ သန်းတိုးတက်ကာ ခရီးသွားလုပ်ငန်းကရတဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၂၂၀ ဘီလီယံရှိကြောင်း သိရပါတယ်။ ၂၀၀၉ ခုနှစ်ကစပြီးတော့ ခုနစ်နှစ် ဆက်တိုက် တိုးတက်လာခဲ့တာလည်းဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါ။ အာဆီယံနိုင်ငံများရဲ့ ၂၀၁၆ ခုနှစ် ခရီးသွားဧည့်သည်ဝင်ရောက်မှုကို လေ့လာကြည့်တဲ့အခါမှာ ထိုင်းနိုင်ငံက အမြင့်ဆုံးဖြစ်တာတွေ့ရပါတယ်။ ၃၂ သန်းကျော်ဝင်ရောက်ပါတယ်။ မလေးရှားနိုင်ငံက ဒုတိယအများဆုံး ၂၆ သန်းကျော်ဖြစ်ပြီးတော့ စင်ကာပူနိုင်ငံက ၁၆ သန်းကျော်ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံက ၁၀ သန်းကျော်ဝင်ရောက်ပြီးတော့ ဖိလစ်ပိုင်နိုင်ငံကို ငါးသန်းကျော်ဝင်ရောက်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံရဲ့ရှေ့ကို အများကြီးရောက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံအပါအဝင် နိုင်ငံတကာမှာ ခရီးသွားကဝင်ငွေရဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို နည်းအမျိုးမျိုးနဲ့မြှင့်တင်နေကြတာ၊ ဈေးကွက်ရှာနေကြတာကို တွေ့ရမှာဖြစ်သလို တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရှာပေးနေတဲ့ အဓိကလုပ်ငန်းဖြစ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ လုပ်ကိုင်တတ်ရင် ဝင်ငွေလည်းရ၊ စိတ်ဝင်စားဖို့လည်းကောင်း၊ တိုင်းပြည်နာမည်ရမယ့်လုပ်ငန်းတစ်ခုလည်းဖြစ်တာ ဖြစ်ပါတယ်။ အမျိုးသမီးများနဲ့ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်တဲ့ အဓိကလုပ်ငန်းတစ်ခုဖြစ်သလို မြို့ပြမှာ

သာမက ကျေးလက်ဒေသများမှာပါ ကျွမ်းကျင်အလုပ်သမားများရော၊ ကျွမ်းကျင်မှုနယ်အလုပ်သမားများအတွက်ပါ အလုပ်အကိုင်များဖန်တီးပေးနေတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံခရီးသွားဧည့်သည်ဝင်ရောက်မှုကတော့ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်တွေမှာ အရှိန်အဟုန်နဲ့တိုးတက်လာခဲ့တာတွေ့ရပြီး ကမ္ဘာလှည့်ခရီးသွားသင့်ဆုံးနိုင်ငံစာရင်းလည်း ဝင်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ခရီးသွားဝင်ရောက်မှုဟာ သိသိသာသာလျော့နည်းကျဆင်းခဲ့ပါတယ်။ ဒါဟာ ရခိုင်ပြည်နယ်က အဖြစ်အပျက်တွေကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်သလို အခြေခံအဆောက်အဦများညံ့ဖျင်းတာ၊ ခရီးသွားဧည့်သည်ဆွဲဆောင်မြှင့်တင်နိုင်ရေးမလုပ်နိုင်တာ၊ ဟိုတယ်ခတွေဈေးကြီးတာနဲ့ ဗုဒ္ဓဘာသာယဉ်ကျေးမှုနေရာများကိုသာ ဆွဲဆောင်မှုများနေတာ၊ နိုင်ငံတကာနဲ့ချိတ်ဆက်ထားတဲ့လေကြောင်းလိုင်းမစုံလင်တာ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အမျိုးအမည်နည်းတာ၊ နိုင်ငံအတွင်းလည်ပတ်ဖို့နေရာ အရေအတွက်နည်းပါးတာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာနှင့်ပတ်သက်ပြီးတော့ သတင်းအချက်အလက်ဖြန့်ဝေမှု အားနည်းတာတွေကြောင့်လို့ သိရပါတယ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲ့ပြောင်းလဲလာတဲ့လားရာကို အမီလိုက်နိုင်ဖို့အလိုက်သင့်လျှင်မြန်စွာပြောင်းလဲနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ပြောင်းလဲလာတဲ့လားရာမှာ ခရီးသွားတွေက ဒေသခံတွေနဲ့ ပိုမိုထိတွေ့ဆက်ဆံလိုလာကြတယ်။ သဘာဝပတ်ဝန်းကျင်ကို ထဲထဲဝင်ဝင်ထိတွေ့ဆက်ဆံလိုကြပါတယ်။ မဖွံ့ဖြိုးသေးတဲ့၊ လူမသိသေးတဲ့နေရာသစ်တွေကို သွားလိုကြတာဖြစ်ပါတယ်။ အားနည်းချို့ယွင်းချက်တွေကို ရှာဖွေဖော်ထုတ်ပြီး အားသာချက်တွေကို အမိအရဆုပ်ကိုင်ကာ ပိုမိုအားကောင်းအောင်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ အလွန်လှပတဲ့နိုင်ငံဖြစ်သလို မြန်မာ့သဘာဝအလှနဲ့ယဉ်ကျေးမှုအမွေအနှစ်များဟာ ခရီးသွားဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တနင်္သာရီတိုင်းဒေသကြီးကနေ ရခိုင်ပြည်နယ်အထိကို ကမ်းရိုးတန်းတွေလှပပြီးတော့ များမြောင်လှတဲ့ကျွန်းတွေ၊ အလွန်လှပတဲ့ကမ်းခြေတွေနဲ့ တောင်ပေါ်မြို့၊ မြေပြင်ချိုင့်ဝှမ်းမြို့၊ ပင်လယ်ကမ်းခြေမြို့တွေလည်းရှိပါတယ်။ အမြဲစိမ်းလန်းတဲ့သစ်တော၊ တောင်တန်းကြီးတွေရှိသလို ရေခဲတောင်တွေ၊ မြစ်တွေ၊ ရေတံခွန်တွေ၊ ရေကန်ကြီးတွေ၊ ဆည်တွေ၊ ဥယျာဉ်တွေနဲ့ သီးနှံစုံတွေလည်း ရှိပါတယ်။ ဒီ့အပြင် အထင်ကရအထိမ်းအမှတ်တွေဖြစ်တဲ့ ဘုရား၊ ပုထိုး၊ စေတီတွေ၊ ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၊ ပုဂံနန်းတော်၊ ကမ္ဘောဇသာဒီနန်းတော်၊ ဗိဿနိုးနန်းတော်လို နန်းတော်တွေလည်းရှိပါတယ်။ တိုင်းရင်းသား လူမျိုး ၁၀၀ ကျော်မှာ လူမျိုးတစ်မျိုးချင်း သမိုင်းရာဇဝင်နဲ့ ရိုးရာဓလေ့တွေကိုယ်စီရှိကြပါတယ်။ ဒါတွေဟာ ကမ္ဘာလှည့်ခရီးသွားတွေကို အထူးစိတ်ဝင်စားစေမယ့်၊ စွဲဆောင်နိုင်မယ့် အရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွားလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်ပြီးတော့ ခရီးသွားလုပ်ငန်းအမျိုးပေါင်းများစွာရှိတဲ့အနက် မြန်မာနိုင်ငံအတွက် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism-CBT)နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း(Eco-Tourism) များဟာ ရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာအလွန်ကောင်းတာကိုတွေ့ရပါတယ်။ မြန်မာနိုင်ငံရှိ ရပ်ရွာလူထုအခြေပြုခရီးစဉ်ဒေသသုံးခုကို အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးက ACL

Community Based Tourism Award(2017) ဆုများ ချီးမြှင့်ခံခဲ့ရပါတယ်။ ဒီဒေသတွေကတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ပန်ပက်နှင့် တနိုလွဲကျေးရွာများ၊ ရှမ်းပြည်နယ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ၊ ကပ်ကူကျေးရွာများနဲ့ မကွေးတိုင်းဒေသကြီးက မြိုင်မြို့နယ်မှာရှိတဲ့ကျေးရွာများဖြစ်ပါတယ်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ယင်းဆုရဒေသများအပြင်ကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာလည်း တိုးချဲ့ဆောင်ရွက်နေတာ တွေ့ရပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို သဘာဝအရတည်ရှိသော ဒေသများသို့ ယင်းဒေသများ၏ ထိန်းသိမ်းရေးအတွက်နှင့် ဒေသခံတို့ရဲ့ သာယာဝပြောရေးအတွက် တာဝန်သိစွာသွားသော ခရီးစဉ်ဖြစ်သည်ဟု ဖွင့်ဆိုထားပြီးတော့ ကုလသမဂ္ဂအထွေထွေညီလာခံကလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကိုချမှတ်ထားတာ တွေ့ရပါတယ်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးထားတဲ့ ရေရှည်တည်တံ့ခရီးသွားဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား(Sustainable Tourism a True for Development)ဆောင်ပုဒ်နှင့်အညီ အဓိကတာဝန်ယူဆောင်ရွက်နေတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အစိုးရမဟုတ်တဲ့လူမှုအဖွဲ့အစည်းများ၊ ဒေသအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တဲ့ ပေါင်းစုအားဖြင့် အရှိန်အဟုန်မြင့်တိုးတက်အောင်၊ အောင်မြင်သည့်ခရီးသွားလုပ်ငန်းဖြစ်အောင် ဖော်ဆောင်နိုင်ရေးအတွက် တိုက်တွန်းအဆိုတစ်ရပ် တင်သွင်းသွားလိုတာဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများတိုးချဲ့သတ်မှတ်ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိန်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေးအထူးနှစ် သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လေးနက်စွာတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက မာကိုပိုလိုတို့၊ ပါစကိုဂါးမားတို့၊ မက်ရှလန်တို့

ခေတ်ကတည်းက ရှိခဲ့တဲ့ဟာပါ။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်ပြီးတဲ့အချိန်မှာ အထူးသဖြင့် ဥရောပဒေသ စစ်ပွဲတွေပြီးဆုံးသွားပြီးတော့ ငြိမ်းချမ်းလာပါတယ်။ ပိုပြီးတော့ စည်ပင်သာယာဝပြောလာပါတယ်။ လူတွေ ပိုပြီးတော့ချမ်းသာလာပါတယ်။ အဲဒီအချိန်ကစပြီးတော့ အခြားနိုင်ငံတွေကို လှည့်လည် သွားလာခဲ့ကြပါတယ်။ အခုချိန်မှာတော့ ဒါကြီးက Tourism Industry ဖြစ်ပြီးတော့ ခုနကလည်း အဆိုရှင်တင်ပြသွားပါတယ်။ ကမ္ဘာ့အလုပ်အကိုင်စုစုပေါင်းရဲ့ ၁၁ ပုံ ၁ ပုံကို တာဝန်ယူထားတဲ့လုပ်ငန်း ဖြစ်နေပါပြီ။ အဲဒီတော့ သွားတဲ့ခရီးသည်တွေရဲ့အရေအတွက်ကလည်း တစ်နှစ်နဲ့တစ်နှစ်ပိုတိုးလာ ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ၁၁၈၄ သန်းရှိခဲ့တယ်။ ၂၀၂၀ ခုနှစ်မှာ ၁.၄ ဘီလီယံရှိမယ်လို့ မျှော်မှန်း ထားပါတယ်။ ၂၀၃၀ ခုနှစ်မှာတော့ ၁.၈ ဘီလီယံလောက်ရှိမယ်လို့မျှော်မှန်းထားပါတယ်။ ၂၀၃၀ ခုနှစ် ကျရင် ကျွန်တော်တို့ အားတက်စရာ အာရှ-ပစိဖိတ်ဒေသကို ကမ္ဘာလှည့်ခရီးသည် သန်း ၅၄၀ လောက် ရောက်ရှိဖို့မျှော်မှန်းထားပြီးတော့ ကမ္ဘာ့ဈေးကွက်ရဲ့ ၃၀ ရာခိုင်နှုန်းလောက်လာဖို့ မျှော်မှန်းထားပါ တယ်။ အဲဒီတော့ နောက်ပိုင်းမှာ စက်မှုနိုင်ငံတွေက သူတို့နိုင်ငံတွေမှာနေရတာ မွန်းကြပ်လာတဲ့အခါ ကျတော့ သဘာဝအခြေခံတွေမပျက်မစီးရှိနေတဲ့နိုင်ငံတွေကို အထူးသဖြင့်ခရီးသွားလာကြပါတယ်။ အဲဒါက Eco-Tourism လို့နာမည်ပေးထားပါတယ်။ ဒါက ၁၉၈၃ ခုနှစ်မှာ သန္ဓေတည်တယ်။ ၁၉၉၆ ခုနှစ် International Eco-Tourism ဖွဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ နော်ဝေနိုင်ငံမှာ Conference တစ်ရပ်ကျင်းပပြီးတော့ နိုင်ငံပေါင်း ၁၂၀ က အသင်းဝင်လိုက်ပါတယ်။ မြန်မာနိုင်ငံ သစ်တောရေးရာ ဝန်ကြီးဌာနကတော့ ၁၉၉၆ ခုနှစ်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အမိန့်ကြော်ငြာစာ အမှတ်(၃၉/၉၆)နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီတော့ အဲဒီ Eco-Tourism ရဲ့ Conference တွေကို ပထမဆုံးအကြိမ်ကို ၂၀၀၉ ခုနှစ်၊ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှာ လုပ်ပါတယ်။ ဒုတိယအကြိမ်ကို ၂၀၁၀ ခုနှစ်၊ မလေးရှားနိုင်ငံ ကွာလာလန်ပူမြို့မှာ လုပ်ပါတယ်။ တတိယအကြိမ်ကို ၂၀၁၁ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံ ပီယာနိုဗင်းမြို့မှာ ကျင်းပပါတယ်။ စတုတ္ထအကြိမ်ကိုတော့ ၂၀၁၂ ခုနှစ်၊ တောင်ကိုးရီးယားနိုင်ငံ ဂျူကီးမြို့မှာ လုပ်ပါတယ်။ ပဉ္စမအကြိမ်ကို ၂၀၁၄ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့မှာ လုပ်ခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ Eco-Tourism ခေါ်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အာဆီယံဒေသကလည်း တိုးမြှင့်လုပ်ဆောင်လာပါတယ်။ တိုးမြှင့် လုပ်ဆောင်လာတဲ့အခါမှာ အာဆီယံအမွေအနှစ်ဥယျာဉ်တွေဖန်တီးလာပါတယ်။ ဖန်တီးတဲ့အခါမှာ ကျွန်တော်တို့အာဆီယံ ၁၀ နိုင်ငံမှာ ကမ္ဘောဒီးယားနိုင်ငံက နှစ်ခုရှိပါတယ်။ စင်ကာပူနိုင်ငံက ခုနစ်ခု၊ ထိုင်းနိုင်ငံက လေးခု၊ ဖိလစ်ပိုင်နိုင်ငံ ငါးခု၊ ဘရူနိုင်းနိုင်ငံ တစ်ခု၊ မလေးရှားနိုင်ငံ သုံးခု၊ လာအိုနိုင်ငံ တစ်ခု၊ အင်ဒိုနီးရှားနိုင်ငံ သုံးခု။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အာဆီယံအမွေအနှစ်ဥယျာဉ် ခုနစ်ခုတောင်ရှိပါတယ်။ နောက်ပြီးတော့ သဘာဝအခြေခံခရီးသွားစခန်းကလည်း ၂၁ ခုရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ခရီးသွားတွေကတော့ ယဉ်ကျေးမှုနယ်မြေတွေကိုပဲ အလာများပြီးတော့ သဘာဝ အခြေခံခရီးသွားစခန်းတွေကိုတော့ အလာနည်းနေတုန်းပါပဲ။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေကို ကမ္ဘာ့နိုင်ငံတွေရဲ့အခြေအနေနဲ့နှိုင်းယှဉ်ပြီးတော့ ပြောပြရမယ်ဆိုလို့ရှိရင် ကမ္ဘာမှာအခြားနိုင်ငံတွေရဲ့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုနှုန်းအခြေအနေ

ကို နည်းနည်းတင်ပြပါမယ်။ ပြင်သစ်နိုင်ငံက ၈၂ သန်းဝင်ပါတယ်။ United State က ၇၈ သန်း၊ စပိန်နိုင်ငံက ၇၈ သန်း၊ China က ၅၉ သန်း၊ Italy က ၅၂ သန်း၊ ဗြိတိန်နိုင်ငံက ၃၅ သန်း၊ ဂျာမနီနိုင်ငံက ၃၅ သန်း၊ မက္ကဆီကိုနိုင်ငံက ၃၅ သန်း၊ ထိုင်းနိုင်ငံက ၃၂ သန်း။ ကျွန်တော်တို့ အရှေ့တောင်အာရှမှာ အမြင့်ဆုံးပါပဲ။ ကျွန်တော်တို့နိုင်ငံကတော့ အခုနက ရှေ့ကအဆိုရှင် တင်ပြသွားသလိုပဲ ကျွန်တော်တို့နိုင်ငံမှာတော့ ၂၀၁၇ ခုနှစ်မှာ သုံးသန်းကျော်ကျော်ပဲဝင်ပါတယ်။ ၂၀၂၀ ခုနှစ်မှာ စီမံကိန်းရေးဆွဲထားပြီးတော့ ခုနစ်သန်းလောက်ဝင်ဖို့ ကျွန်တော်တို့က မျှော်လင့်ထားပါတယ်။ ဒါတောင်မှ ထိုင်းနိုင်ငံက အခုသွားနေတဲ့၊ ထိုင်းက အခုရောက်နေတဲ့ ၃၂ သန်းကို မီဖို့အဝေးကြီး လိုသေးတယ်ဆိုတာကို တွေ့ရမှာပါ။ ကျွန်တော်တို့က၂၀၂၀ ခုနှစ်ကျမှ ခုနစ်သန်းလောက်ပဲ မျှော်လင့်ထားတာပါ။ အဲဒီတော့ ဒါပေမဲ့ ကျွန်တော်တို့က အားတက်စရာက ဘာရှိလဲဆိုတော့ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်းမှာ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု အရှိန်အဟုန်အမြင့်ဆုံးက ၁၀ နိုင်ငံမှာဆိုရင် မြန်မာနိုင်ငံက ၇၃.၅ ရာခိုင်နှုန်းနဲ့ အမြင့်ဆုံးအခြေအနေမှာရှိပါတယ်။ အခုနက အဆိုရှင် တင်ပြသွားသလိုပဲ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်မှာတက်တယ်။ ၂၀၁၆ ခုနှစ်မှာ ပြန်ကျသွားတယ်။ ၂၀၁၇ ခုနှစ်မှာလည်း နည်းနည်းပြန်ကျတယ်။ ဒါကတော့ ရခိုင်မြောက်ပိုင်းက အခြေအနေတွေနဲ့ ဆက်စပ်နေပါတယ်။ ဒါတွေကို ကျွန်တော်တို့က ပြောင်းလဲပြင်ဆင်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ Tourism ကို မြင့်တက်လာအောင် လုပ်ကြရမှာပါ။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်ကတာဝန်ရှိသူတွေအနေနဲ့လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ တိုးတက်လာအောင် ကျွန်တော်တို့ဘက်ကနေပြီးတော့ လုပ်နိုင်တဲ့အနေအထားလေးတွေရှိပါတယ်။ ကျွန်တော်တို့ တတ်နိုင်သလောက် ဒါလေးကိုပြသဖို့အတွက် ကျွန်တော်တို့ Power Point သုံးစွဲပြီးတော့ ပြသခွင့်ပြုပါ။

ဒါကတော့ Water Bus ပါ။ ရန်ကုန်မှာ သင့်တင့်မြန်မာကုမ္ပဏီက လုပ်နေပြီးတော့ စနေ၊ တနင်္ဂနွေဆိုရင် တွံတေးနှင့် ကျောက်တန်းကို သွားနေတဲ့ခရီးစဉ်ပါ။ ဒါက ကျွန်တော်တို့ တွံတေးမြို့ရဲ့ ဆိပ်ခံဘောတံတားဖြစ်ပါတယ်။ သင့်တင့်မြန်မာကုမ္ပဏီကဦးဆောင်ပြီးတော့လာတဲ့ ခရီးသည်တွေကို ကြိုဆိုဖို့ပြင်ဆင်နေတာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်မြို့က ကလေးမလေးတွေ ဒီခရီးသည်တွေကို ကြိုဆိုဖို့ အဆင်သင့်ပြင်နေကြတာဖြစ်ပါတယ်။ ကျွန်တော်က သင့်တင့်မြန်မာကုမ္ပဏီက ကုမ္ပဏီပိုင်ရှင်ကိုကြိုဆိုနေတာဖြစ်ပါတယ်။ ဒီဘက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နဲ့အတူတူ ကြိုဆိုနေတာဖြစ်ပါတယ်။ ဒါခရီးသည်တွေ ဆင်းလာတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့အတက်မှာ ကျွန်တော်တို့မြို့ရဲ့ ရှမ်းအိုးစည်ဝိုင်းနဲ့ ကြိုဆိုနေတာဖြစ်ပါတယ်။ ဒါလည်း ရှမ်းအိုးစည်ဝိုင်းနဲ့ ကြိုဆိုနေတာပါပဲ။ ဒါကတော့ ကျွန်တော်တို့မြို့ရဲ့ ဆံကေသာဓာတုလို့ခေါ်တဲ့ ရွှေဆံတော်ဘုရားကြီးရဲ့ မုဒ်ဦးကနေပြီးတော့ ခရီးသည်တွေကိုကြိုဆိုဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒါက ခရီးသည်တွေကို ကျွန်တော်တို့မြို့က ကျောင်းသူလေးတွေရဲ့အကနဲ့ ဖျော်ဖြေနေတာဖြစ်ပါတယ်။ ဒါကလည်း မူလတန်းပြဆရာမလေးတွေက ကပြနေဖျော်ဖြေနေတာဖြစ်ပါတယ်။ ဒါကလည်း ကျောင်းသူလေးတွေရဲ့ ပြည်ထောင်စုအကနဲ့ ဖျော်ဖြေနေတာဖြစ်ပါတယ်။ ဒါကလည်း အခုနက ရပ်ကွက်တစ်ခုက ယိမ်းသမလေးတွေက ဖျော်ဖြေနေတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မြို့မှာ ခရီးသွားတွေကို လိုက်လံစောင့်ရှောက်ပေးတဲ့

မြို့နယ်ရဲတပ်ဖွဲ့က စခန်းမှူးကို ကျွန်တော်တို့ သင့်တင့်မြန်မာကုမ္ပဏီဥက္ကဋ္ဌက ကျေးဇူးတုံ့ပြန်နေတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကိုယ့်မြို့မှာ ခရီးသွားလုပ်ငန်းမြင့်တက်လာဖို့အတွက် တတ်နိုင် သလောက်လုပ်ပေးလို့ရတယ်ဆိုတဲ့ကဏ္ဍလေးကို ကျွန်တော် ဥပမာပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ အကုန်လုံးဝိုင်းပြီးတော့ လုပ်ကြမှဖြစ်မှာပါ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတစ်ခုတည်း ကို အားကိုးပြီးတော့ လုပ်လို့မရပါဘူး။ ကျွန်တော်တို့အားလုံးက ဒီမြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဒါ မီးခိုးမထွက်တဲ့စက်ရုံဆိုတဲ့ အဲဒီလုပ်ငန်းတိုးတက်လာအောင် အကုန်လုံးက ဝိုင်းပြီးလုပ်ကြမှ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်တဲ့အခါမှာ အခုနက အဆိုရှင်တင်သွင်းသွားတဲ့အဆိုက အင်မတန်အရေးကြီးပါတယ်။ ခရီးသွားဒေသအသစ်တွေ တိုးချဲ့သတ်မှတ်ဖို့လိုပါတယ်။ နောက် ခရီးသွားလာရေးအထိမ်းအမှတ်ပွဲတော်တွေ လုပ်ပေးဖို့ လိုပါတယ်။ ခရီးသွားလာရေးအထူးနှစ်တွေ သတ်မှတ်ဖို့ လိုပါတယ်။ ၁၉၉၆ ခုနှစ်ကတော့ လုပ်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံခရီးသွားနှစ်ဆိုပြီးတော့ သို့သော် အကြောင်းကြောင်းတွေကြောင့် သိပ်ပြီးတော့ အောင်မြင်မှုမရှိပါဘူး။ သို့သော် ဒါကို ကျွန်တော်တို့က ပြန်ပြီးတော့ အစဖော်ပြီးတော့ ပြန်လုပ်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံက တကယ့် အရေးကြီးတဲ့ GDP တစ်ခုဖြစ်လာမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း တိုးတက်လာဖို့အတွက် အဆိုရှင် သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးရဲ့အဆိုကို ကျွန်တော် လေးလေး နက်နက် ထောက်ခံတင်ပြလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးမြင့်ဦး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်ဦး သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများတိုးချဲ့ သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေးအထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာ ရေးအထူးနှစ်သတ်မှတ်ခြင်းများဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ သို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၈-၅-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ၂၁-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားမှာဖြစ်ပါတယ် ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၁၅/ပသ(ကမတ-ဥပဒေကြမ်း)၁ / ၂၀၁၈ -၂၃၇

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ် ၊ မေ လ ၂၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၁-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၁၃၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၁-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၁-၂-၂၀၁၈ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ခရီးသွားလာရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများကို လေးစားလိုက်နာသော တာဝန်သိခရီးသွားလာရေးလုပ်ငန်း တစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်းပြည်ပဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏တာဝန်ဝတ္တရားများကို သိရှိလိုက်နာစေရန်၊

မူကြမ်း

(ဃ) ခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပြည့်စုံခိုင်မာမှုကို အာမခံနိုင်ရန်၊

( င) ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊

( စ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) သဘာဝအခြေခံ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၅-၂၀၁၈ ရက်နေ့နှင့် ၁၅-၅-၂၀၁၈ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ၈-၅-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြု ချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော် ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် တင်ပြထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁ / ၂၀၁၈ -၂၃၇

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ် ၊ မေ လ ၂၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၁-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၁၃၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၁-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းအား ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ခရီးသွားလာရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများကို လေးစားလိုက်နာသော တာဝန်သိခရီးသွားလာရေးလုပ်ငန်း တစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်၊

( ခ) မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်းပြည်ပ ဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

( ဂ) ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သိရှိလိုက်နာစေရန်၊

မူကြမ်း

(ဃ) ခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပြည့်စုံခိုင်မာမှုကို အာမခံနိုင်ရန်၊

( င) ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊

( စ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့်လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၅-၂၀၁၈ ရက်နေ့နှင့်၊ ၁၅-၅-၂၀၁၈ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၈-၅-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၈) ခန်းနှင့် အပိုဒ်ပေါင်း ၄၄ ပိုဒ် ပါရှိပါသည်။

( ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၆၄) ချက်ကို သဘောတူလက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**

**၁၃၈၀ ပြည့်နှစ်၊     လ     ရက်**

**(၂၀၁၈ ခုနှစ်၊     လ     ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အခန်း(၁) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ ဟု ခေါ်တွင်စေရမည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(က) ရှိ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ရှိ ဆုတောင်းဝတ်ပြုခရီးစဉ် ဆိုသည့်စကားရပ်ကို ဘာသာရေးဆိုင်ရာခရီးစဉ်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ခရီးသည် တည်းခိုနေထိုင်ရန်နေရာ ဆိုသည်မှာ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ အိပ်ယာနှင့် နံနက်စာစာ စီစဉ်ပေးသည့်နေရာ၊ တည်းခိုရိပ်သာ၊ စခန်းချတည်းခိုသည့်နေရာအပါအဝင် စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်ခွင့်ပေးသည့်အဆောက်အအုံ၊ စခန်းချနေရာ သို့မဟုတ် နေအိမ်ကိုဆိုသည်။

( ဇ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို ပယ်ဖျက်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဌ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဌ) လိုင်စင် ဆိုသည်မှာ ခရီးသွားလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ ထုတ်ပေးသောလိုင်စင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဟိုတယ်လုပ်ငန်းလိုင်စင်၊ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ပါဝင်သည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဍ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကိုဆိုသည်။

( ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(တ) ကို အပိုဒ်ခွဲ(ဏ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဏ) ဦးစီးဌာနဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

( ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(န)ကို အပိုဒ်ခွဲ (ဓ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၂ အပိုဒ်ခွဲ(ဖ)ကို အပိုဒ်ခွဲ(ပ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ပ) ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ဆိုသည်မှာ ဤဥပဒေအရ ခရီးသွား လုပ်ငန်း ဝန်ဆောင်မှုအတွက် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍကို ကိုယ်စား ပြုသည့် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

( ဎ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)နှင့်(၅) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

| | | |
|---|---|---|
| (က)(၄) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင် | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီး မှ ဝန်ကြီးချုပ် သို့မဟုတ် ယင်းကတာဝန်ပေးအပ် သည့် ဝန်ကြီး | အဖွဲ့ဝင် |

(ဏ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅) နှင့်(၆)တို့ကို အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၇) နှင့်(၈) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

| | | |
|---|---|---|
| (က)(၇) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် သုံးဦး | အဖွဲ့ဝင်များ |
| (၈) | ခရီးသွားလုပ်ငန်းဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်း များမှ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင်များ |

(တ) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မြန်မာနိုင်ငံအတွင်း ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားမှုရှိနိုင်သည့် ဒေသများတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုအပ်သည့်အစီအစဉ်များ ချမှတ် ပေးခြင်းဖြင့် ထိုဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝတို့ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ထ) အပိုဒ် ၅ အပိုဒ်ခွဲ(င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာ

အဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းများထံမှ နည်းပညာအကူအညီနှင့် အခြားသော အကူအညီရရှိစေရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

( ဒ) အခန်း(၄) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များအနက်မှ ရွေးချယ် တာဝန်ပေးအပ်နိုင်သည်။

( ဓ) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ) ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဟု ပြင်ဆင် ပါသည်။

( န) အပိုဒ် ၇ အပိုဒ်ခွဲ(ဈ) ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဟု ပြင်ဆင် ပါသည်။

( ပ) အခန်း(၆) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) (၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် ဥက္ကဋ္ဌ

( ဖ) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) (၆) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီမှ ရုံးခွဲတာဝန်ခံ အတွင်းရေးမှူး

( ဗ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန် ပေးအပ်နိုင်သည်။

(ဘ) အခန်း(၇) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဈ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်၍ တိုးတက်မှုအခြေအနေကို ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

( မ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဍ) ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဟု ပြင်ဆင် ပါသည်။

(ယ) အခန်း(၈) အပိုဒ် ၁၁ အပိုဒ်ခွဲ(က) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

မူကြမ်း

၁၁။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ နှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ရ) အခန်း(၁၀) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာအကူအညီများ ရယူ၍ ဆောင်ရွက်နိုင်သည်။

(လ) အခန်း(၁၁) ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**အခန်း (၁၁)**

**ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၏ တာဝန် နှင့် အခွင့်အရေးများ**

( ဝ) အခန်း(၁၁) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အခက်အခဲ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ခရီးသွားလုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာန၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ သို့မဟုတ် ဦးစီးဌာနသို့ တင်ပြခွင့်ရှိသည်။

(သ) အခန်း(၁၂) အပိုဒ် ၁၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ဤဥပဒေမပြဋ္ဌာန်းမီက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် ဝန်ကြီးဌာနထံမှ အဆောက်အဦဆောက်လုပ်ခြင်း ကြိုတင်ခွင့်ပြုချက် ရရှိခဲ့ပြီးဖြစ်ပါက ထပ်မံလျှောက်ထားရန် မလိုအပ်တော့ဘဲ လုပ်ငန်းလိုင်စင်ကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ဆက်လက်လျှောက်ထား ရမည်။

(ဟ) အခန်း(၁၃) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( ဠ) အပိုဒ် ၂၁ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ လိုင်စင် သက်တမ်းတိုးမြှင့်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(အ) အပိုဒ် ၂၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက လိုင်စင်ရရှိပြီးဖြစ်သည့် ခရီးသွားလုပ်ငန်း ဆောင်ရွက် နေသူများသည် ရရှိထားသော လိုင်စင်ပါသက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်နိုင်သည်။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်

ဆောင်ရွက်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

( - ) အပိုဒ် ၂၄ ရှိ သတ်မှတ်ချက်နှင့်အညီ ဆိုသည့်စကားရပ်ကို သတ်မှတ် ချက်များနှင့် အညီဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ လိုင်စင်ရရှိသူသည် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ပယ်ဖျက်ခြင်း ခံရလျှင်ဖြစ်စေ လိုင်စင်ကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီသို့ ပြန်လည်အပ်နှံရမည်။

( - ) အခန်း(၁၄) အပိုဒ် ၂၇ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

( - ) အပိုဒ် ၂၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ ပုဒ်မ ၂၈ အရ အယူခံဝင်ရောက်ခြင်းအပေါ် ခရီးသွားလုပ်ငန်းကော်မတီသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သည့် အမိန့်ကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

( - ) အပိုဒ် ၃၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ ပုဒ်မ ၂၉ အရ ခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

( - ) အခန်း(၁၅) အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ) ရှိ လုပ်ငန်းကို ဆိုသည့်စကားရပ်ကို လုပ်ငန်း လိုင်စင်ကို ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ)ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လိုင်စင်မရှိဘဲခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာ လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများ မပြုလုပ်ရ။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြား ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်။

( - ) အခန်း(၁၆) အပိုဒ် ၃၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၃။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၄ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၅ ကို အပိုဒ် ၃၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ) ပါ ဆိုသည့်စကားရပ်ကို မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဂ)ပါ ဟုလည်းကောင်း၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဆိုသည့်စကားရပ်ကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၆ အပိုဒ် ၃၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)ပါ ဆိုသည့် စကားရပ်ကို မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၇ အပိုဒ် ၃၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)ပါ ဆိုသည့် စကားရပ်ကို မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၈ ကို အပိုဒ် ၃၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ဂ)ပါ ဆိုသည့်စကားရပ်ကို မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ဂ)ပါ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၇) အပိုဒ် ၃၉ ကို အပိုဒ် ၃၈ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ယင်းအဖွဲ့ဝင်တို့၏ ဆိုသည့်စကားရပ်ကို ယင်းအဖွဲ့ဝင်တို့သည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

( - ) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၉-၅-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံး ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ (၂၅.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Ohm Maung    Daw Wint War Tun




Maj Gen Aung Soe    U Myo Nyunt




Maj Gen Aung Soe    U Oo Tun Win




Maj Gen Aung Soe    U Lwin Ko Latt





# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်